www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စိတ်နှင့်ခြွေတဲ့အကြွေ

နိုကိုရဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၂ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မောင်မျိုး
( ကြောင်နှစ်ကောင် )
စီစဉ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်နေကုန် ငြိမ်ကုတ်နေသည့်လေက ညနေစောင်းမှ သတ်ပြင်းမှုတ်သလို ဟူးခနဲ တိုက်ခတ်ပစ်လိုက်သည်။ သက်ပြင်းမောပဲထင်ပါသည်။ လေပူငွေ့များ ဝေ့ကာထွက်သွားသည် ညနေစာ စားပြီးသေချာ လက်ဆေးလာသော်လည်း ငါးပိရည်နံ့က ကျန်နေသဖြင့် အိမ်ရှေ့ရေတုံကင်နားသွားကာ ကိုယ်တိုက်ဆပ်ပြာနှင့် တစ်ကျော့ပြန်ဆေးနေမိသည်။ အမေကိုယ်တိုင်ထည့်ထားသော ငါးပိရည်ကျိုမွှေးမွှေးလေးဖြစ်၍ မြင်တော့လည်း မစားဘဲမနေနိုင်။ လက်မှာ ငါးပိရည်နံ့ စွဲကျန်နေတာမျိုးတော့ မကြိုက်ချင်။ ဆောင်းအကုန် နွေအကူး လေရူးခြွေချတဲ့ သရက်သီးကင်းနှင့် အမေ့ငါးပိရည်ကတော့ လိုက်ဖက်ညီစွာ အမြင်မြိန်လှသည်။ ထမင်းသုံးပန်းကန်ကုန်အောင် ကြိတ်ပစ်လိုက်သဖြင့် ရင်



www.burmeseclassic.com

www.burmeseclassic.com



ကြောတောင့်ပြီး ဗိုက်က အနည်းငယ်စူကာထွက်နေသည်။ ဗိုက်ကို ငုံ့ကြည့်ကာ လျော့ရဲရဲဖြစ်နေသောပုဆိုးကို ပြင်၍ဝတ်လိုက်သည်။

ဒီချိန်ဆို သာဦးတို့အုပ်စု အုတ်ခုံမှာ ရောက်နေနှင့်လောက်ပြီ။

"အမေ. . . သား အပြင်ခဏလျှောက်ဦးမယ်"

"အေး. . . သား. . . အရမ်းမှောင်အောင်မနေနဲ့နော်"

"ဟုတ်. . ."

လက်ဆေးပြီး ပုဆိုးပြင်ဝတ်လိုက်၍ လက်သုတ်သလိုဖြစ်သွား ကာ စိုစစကျန်နေသေးသော လက်ကောက်ဝတ်နေရာကိုလည်း ခါးပုံစနှင့်ပင် ပွတ်ရင်း လမ်းထိပ်အုတ်ခုံဆီ လျှောက်လာခဲ့ပါသည်။

ဒီနှစ်မှ လမ်းထဲမှာ ကာလသားအုပ်စုဝင် ပီပီပြင်ပြင်ဖြစ်လာသော သူတို့ငါးယောက်က လမ်းထဲက ဝါရင့်ကာလသားတွေနှင့် အတွဲမမိအဲ သပ်သပ်တစ်ဖွဲ့ကွဲနေကာ လမ်းထိပ်က မြောင်းကူးကွန်ကရစ်တံတားအုတ်ခုံမှာ ဆုံဖြစ်နေကြသည်။ ပုံမှန်တော့ ရပ်ကွက်အပြင်ဖက် လမ်းမတန်းက Top ကဖီးမှာ ထိုင်ပါသည်။ ဟိုတစ်လောကမှ သိန်းဦး ပြဿနာနှင့် လမ်းမတန်းကကောင်တွေနှင့် ငြိကာ ရိုက်ပွဲဖြစ်ကြသည်။ သူတို့အဖွဲ့ထဲက ကျော်နောင်နှင့် ထွန်းစိုးတို့ ဒဏ်ရာရကုန်ပြီး ရုံးရောက်ဂါတ်ရောက်နှင့် အတော်ရှင်းယူလိုက်ရသည်။

သည်နောက်ပိုင်း သူတို့အုပ်စု ညပိုင်း ဆိုင်မထိုင်ဖြစ်သလို အိမ်က လူကြီးတွေလည်း ညဘက်အချိန်လွန်အောင် အပြင်ထွက်နေတာမျိုး ခွင့်မပြုတော့ပါချေ။ ထို့ကြောင့် ထွက်နေကျ မထွက်ရလျှင် ဘာလိုနေ





မှန်းမသိ၍ လမ်းထိပ်အုတ်ခုံတော့ ထွက်ကာထိုင်ကြသည်။ ခုနစ်နာရီအလွန်ဆုံး ရှစ်နာရီဆို အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကာ အိပ်ယာမဝင်ခင် ဟိုလှုပ်လှုပ် ဒီလှုပ်လှုပ်နှင့်ပင် အချိန်ကုန်သွားတတ်လေသည်။

"ဟိုမှာ. . . ရဲဝင်းလာပြီ. . . မေးကြည့်. . ."

မလှမ်းမကမ်းအုတ်ခုံဆီမှ သူ့ထံမေးငေါ့ပြ၍ ပြောလိုက်သော ကျော်နောင့်စကားသံကြောင့် ထွန်းစိုးနှင့် သိန်းဦးတို့ လှည့်ကာကြည့်ကြသည်။ လှဆောင်ကတော့ နေဝင်ချိန်အလင်းရောင်လေးနှင့် စာအုပ်တစ်အုပ်ကို သည်းကြီးမည်းကြီး ဖတ်ကာနေလေသည်။

သူ အုတ်ခုံနားရောက်သွားမှ သိန်းဦးက မေးသည်။

"ဒီကောင် ချိုလေးတို့ကုမ္ပဏီမှာ အလုပ်ရသွားပြီဆို. . ."

"အင်း. . . မနေ့က သူ့ဦးလေးရောက်လာတော့ ဒီကောင်ပြောနေတာ ငါကြားတာပဲ"

"ဟင်. . . ဒါနဲ့များ. . ."

သိန်းဦး ခုမှ ဘဝင်ကျသွားသလို ကျော်နောင်ဖက်လှည့်ကာ မြည်တွန်သဖြင့် ကျော်နောင် အုတ်ခုံပေါ်မှဆင်းကာ သိန်းဦးရှေ့ရပ်၍ . . .

"လောင်းမလား. . . အခုလာမယ့်တနင်္လာနေ့ အလုပ်စဝင်ရမယ်"

ဆိုတော့လည်း သိန်းဦး မျက်ခုံးမြင့်မြင့်ကြီးလုပ်ကာ ကြည့်လျက်အောက်သိုးသိုးအသံနှင့် . . .

"အဲ့သလောက်လွယ်ရင် ငါ ကျောင်းမပြီးခင်ကတည်းက ဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြာပြီ၊ ငါ့အဖေလည်း လက်တံရှည်တာ မင်းသိပါတယ်"

"ဟုတ်တယ်. . . ငါ့ဦးလေးက မင်းအဖေထက်ပိုရှည်လို့ ငါ အလုပ်ရတယ်ကွာ၊ ယုံလိုက်"

"ဒါတော့. . . အဲဒီကုမ္ပဏီမှာ မင်းဦးလေးနဲ့အရင်းကြီးတွေ ရှိလို့နေမှာ၊ ဟော့ကောင် တစ်ခြားကိစ္စတွေတော့ ငါ့ဖားသားကြီးနဲ့လာမယှဉ်နဲ့"

"အေးလေ. . . ဘာပဲဖြစ်ဖြစ် ငါ Monday ကစပြီး ချိုလေးနဲ့အတူ အလုပ်ဝင်ရပြီ၊ အဲ့ဒါ မင်းလက်ခံလား၊ လောင်းချင်လောင်းကွာ၊ ကြိုက်ကြေးလောင်း. . ."

တျော်နောင့်ပုံစံက သေချာပေါက် အသာစီးရနေသလိုမျိုး တိုင်ပင်မြင့်ကာ ခေါ်နေသည်။ ဒါကို သိန်းဦး မခံချင်ဖြစ်ကာ ရှူးရှူးရှားရှားဖြစ်လာ၍ . . .

"ကဲကွာ. . . အချင်းချင်းတွေ၊ ချီးမှုပဲ အလုပ်ရတော့ရော ဘာဖြစ်လဲ၊ မရတော့ရော ဘာဖြစ်မှာလဲ"

နှစ်ယောက်ကြား ဖြတ်ဝင်ကာပြောသော ရဲဝင်း၏စကားသံဆုံးသည်နှင့် လှဆောင် သူ့စာအုပ်ကို ဖျတ်ခနဲပိတ်ပစ်၍ . . .

"ဖြစ်တယ်ကွ၊ အဲ့ဒီကောင်နှစ်ကောင် ချိုလေး ချိုလေးဆိုပြီး ချိုလေးတို့ကုမ္ပဏီကို ရအောင် အသည်းအသန်ရအောင်လုပ်၊ တကယ်လည်းရရော အချိုမလေးဘဲ အချိုပေါ့ပြီး စိတ်ကျရောဂါနဲ့ သေကုန်မှာ"

အားလုံး လှဆောင်ဘက် ဝေါက်ခနဲလှည့်ကာကြည့်ကြသည်။





ထို့နောက် လှဆောင်က လူ့ပညာရှိဟန်ပန်မျိုးနှင့်. . .။

"ငါ့ကောင်တွေ ရှုးတာလည်းရှုးကြပါ၊ ဒါပေသိ ဥစ္စာကံပေး၊ မရသေး၍ နှောင့်နှေးဖျာပါ မရှိရာတဲ့ကွ. . ."

"ဘာလဲကွ မင်း ဘာတွေလာပြောနေတာလဲ"

ကျော်နောင့်အသံက ငရုတ်သီးစပ်ထားသလို ရှပ်တတ်တတ်ဖြစ်နေသည်။

"ချိုလေး ပြည်ပထွက်ဖို့ အစီအစဉ်လုပ်နေတယ်"

"ဘာ. . ."

"ဘယ်လို. . . လှဆောင်"

သိန်းဦးရော ကျော်နောင်ပါ လှဆောင်ရှေ့သို့ ဟူးခနဲ ရောက်သွားကြသည်။

လှဆောင် ကွမ်းယာထုပ်ထဲက ကွမ်းတစ်ယာဆွဲထုတ်၍ ပါးစောင်ကပ်ရင်း ရယ်သံညှင်းညှင်းပေးလေ၏။ ပြီးမှ . . .

"မင်းတို့ တကယ်မသိကြတာလား. . ."

"အေးပါ. . . ပြောစမ်းပါ. . ."

"ငါ့ဦးလေးက အေးဂျင့်ဖွင့်ထားတယ်ဆိုတာတော့ မင်းတို့ သိပါတယ်နော်"

"ဟာကွာ. . . လှဆောင်ရာ ကြော်ငြာခကထားစမ်းပါ"

"အေးပါ. . . မင်းတို့မယုံမှာစိုးလို့ သက်သေထူရတာ၊ [illegible]သားကိုထွက်ဖို့ ပထမအသုတ် လူခြောက်ဆယ်ထဲမှာ ချိုလေးမက စိန်ယာ



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ရှစ်နဲ့ ပါနေတယ်၊ အဲ့ဒါ သူများပြောတာမဟုတ်ဘူးနော်၊ မနေ့က အဲ့ဒီစာရင်းကို ငါကိုယ်တိုင်လုပ်ရတာ"

သိန်းဦးတို့ လည်လိမ်ကုန်ကာ အုတ်ခုံပေါ် ပြန်တက်ထိုင်ကြသည်။

လှဆောင်က ကျောင်းမပြီးခင်ကတည်းက သူ့ဦးလေး၏ ပြည်ပအလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီမှာ အလုပ်ဝင်နေသူ၊ ဒီစကားကို လှဆောင်ကိုယ်တိုင် ပြောလာ၍ ငြင်းစရာမရှိသော အသိနှင့် ငြိမ်ကုန်ကြခြင်းဖြစ်သည်။ ထိုစဉ်မှာပင် တစ်ချိန်လုံးငြိမ်ပြီးနေသော ထွန်းစိုးက . . .

"စိတ်ပျက်မနေပါနဲ့ကွာ၊ ဒုတိယအသုတ်မှာ ကိုယ်လိုက်သွားနိုင်ရင် ချိုလေးနဲ့ 'ဘူဆန်'မှာ တွေ့ရုံပေါ့၊ စက်ရုံက ဘူဆန်မှာလို့ ပြောတယ်၊ ဟုတ်တယ်နော် လှဆောင်"

ထွန်းစိုးက သူ့စကားအား လှဆောင်ကို သက်သေထူ၍ ရပ်ထားလိုက်သည်။ ထိုအခိုက်မှာပင် သိန်းဦးက . . .

"ဒီသတင်း သေချာတယ်ဆိုရင် ငါလည်းသွားချင်တယ် လှဆောင်"

"ငါရောပဲကွာ သူငယ်ချင်း၊ ရမယ်ဆိုရင် ဘယ်လောက်ကုန်ကုန်ကွာ"

လှဆောင် ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးလျက် ကွမ်းထွေးကို ပြောင်းထဲ လှည့်ထွေးသည်။ ခဏကြာမှ . . .

"အေးလေ . . . မင်းတို့သဘောပဲ၊ အလုပ်သဘောကတော့ မနက်





ဖြန် ရုံးကိုလာခဲ့၊ ငါသိသလောက်ကတော့ ကိုရီးယားက တစ်သုတ်ခေါ်ပြီးရင် နောက်တစ်သုတ်က အိစိမ့်နေအောင်စောင့်ရတယ်၊ မင်းတို့ရောက်သွားတဲ့အချိန်မှာ ဟိုမှာ အတွဲလေးနဲ့မိနေပြီဆိုရင် မင်းတို့ ဘာဆက်လုပ်ကြမလဲ"

"လွယ်ပါတယ်ကွာ၊ ဆိုး(လ်)မြို့ပြန်လာပြီး ရထားအတိုက်ခံလိုက်ကြပေါ့"

ထွန်းစိုး ဝင်လှောင်ပြန်၍ ရဲဝင်း မနေနိုင်တော့ဘဲ တခိခိ ရယ်မိသည်။

ဒီတော့မှ လှဆောင်က ကျော်နောင့်ကို လှည့်ကြည့်ပြီး . . .

"မင်း . . . စောစောကပြောတဲ့ 'ဘာတွေလာပြောနေတာလဲ' ဆိုတာ အဲ့ဒါပဲ သူငယ်ချင်း၊ ဥစ္စာကံပေး မရသေး၍ နှောင့်နှေးဗျာပါမရှိရာတဲ့၊ မင်းတို့ ရနိုင်တဲ့ကံပါရင် ကိုရီးယားမသွားဘဲ အိမ်သာသွားရင်းနဲ့တောင် အဆင်ပြေတယ်ကွ"

"အမိပ္ပါယ်မရှိတာကွာ၊ ကံဆိုတာ အလုပ်ကွ၊ အလုပ်ကောင်းမှ ကံကောင်းတာ"

သိန်းဦး မခံချင်ဖြစ်လာပုံရသည်။

"ဟုတ်ပါတယ်၊ မမှန်တဲ့အလုပ်ကြီးကို လွှတ်လုပ်နေတော့လည်း ဘာကံက ကောင်းဦးမှာလဲ"

"အေး . . . ဟုတ်ပြီလေ၊ အခုအခြေအနေမှာ ငါ ဘာလုပ်ရမလဲ"

"ဟော့ကောင် . . . ငါတို့ ဘာလုပ်ရမလဲလို့ ပြောလေကွာ၊ ချိုလေး



www.burmeseclassic.com

www.burmeseclassic.com



တိစ္ဆက မင်းရော ငါရော ပတ်သက်နေတာ"

"အရေးထဲကွာ. . ."

"ကဲ. . .ငါပြောမယ်ဆို မင်းတို့ လက်ခံမလား"

ကျော်နောင်နှင့်သိန်းဦးတို့ သူ့ဖက်လှည့်လာကြသည်။ မျက်လုံးအကြည့်တွေက သိပ်တော့အားမရှိလှ။ အုပ်စုထဲမှာလည်း ရည်းစားသနာထားမှုနှင့်ပတ်သက်၍ သူက နာမည်မရှိတာကြောင့်ပဲလား။ သို့သော်လည်း သူ့အပေါ် ကြိတ်ပြီးလေးစားတာ တစ်ခုတော့ရှိနေသည်။ ဒုတိယနှစ်စတက်တုန်းက အတန်းထဲက ခင်ယုဆွေဟုခေါ်သော ကောင်မလေး။ သူ့ကို အသည်းအသန်ကြိုက်ခဲ့သည်။ သူ လုံးဝ စိတ်ဝင်စားဟန်မပြခဲ့၍ ဒီကောင်တွေ အံ့ဩယူရသည်။

အံ့ဩစရာလည်းကောင်းနေသည်။ ခင်ယုဆွေကို သူတို့မေဂျာတစ်ခုလုံးက ယောကျ်ားလေးတွေ စိတ်ဝင်စားကြသည်။ ဝိုင်းစုခိုင်သိန်းလေးကလည်း နာမည်တက်ကာစအချိန်၊ ခင်ယုဆွေကလည်း အဲ့ဒီအဆက်အပေါက်မျက်နှာကျဆိုတော့ကာ သူမသတင်းက ကာလာအတော်တက်သွားသည်။

ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နိုင်သော မနအင်အားလေးကလည်း ရှိနေသည်။ မေဂျာမောင်များ အတန်းရှေ့မှာ ကုက္ကိုလ်ရွက်ကြွေသလို ကြွေကာနေကြခိုက် ခင်ယုဆွေက သူ့ကို မျက်နှာသာသာကြီး ထိုးပေးနေတော့၍ သိန်းဦးတို့ အားမလိုအားမရ မြှောက်ပင့်ပေးကြသည်။





သူ့ကိုအကြောင်းပြုပြီး ခင်ယုဆွေ ကျွေးမွေးသမျှ ဝဝလင်လင်အရသာရှိရှိ စားကြသည်။ သို့တိုင် သူ့ဘက်က အတန်းဖော် သူငယ်ချင်းဆိုသော အဆင့်ထက်မပို၊ မလိုဘဲနှင့် မခေါ်မပြောဘဲ ခပ်ကင်းကင်းခပ်ရှင်းရှင်းနေပြကာ ကျောင်းပြီးလာခဲ့သည်။ ခင်ယုဆွေလည်း ကျောင်းပြီးသည်နှင့် သူ့မိဘများသဘောတူသော လူတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။

ဒါကို သိန်းဦးတို့အုပ်စု အကြောင်းတိုက်ဆိုင်လာတိုင်း ပြောမဆုံး။ သူ့ကိုလည်း ငတုံး ငအဟု ပြိုင်တူ ရှုံ့ချကုန်ကြသည်။ မည်သို့ဆိုစေ တစ်ကယ့်အမှန်လေးကို ငြင်းတယ်ဆိုတော့ ဒီကောင်ဘာကောင်လဲဆိုသော လေးစားမှုက သူတို့စိတ်ထဲ ကြိတ်ပြီးဝင်သွားသည်။

"ကဲ. . .ပြော. . .မင်း ဘာပြောမှာလဲ"

ကျော်နောင့်စကားအတိုင်း သိန်းဦးလည်း ငံ့လင့်သည့်အကြည့်မျိုးကြည့်မှ . . .

"ငါ့အမြင်တော့ အချစ်ဆိုတာ ခြံစည်းရိုးပဲကွ၊ ကိုယ့်စိတ်သဘောအတိုင်း ချစ်တာက အိမ်ရှေ့ခြံစည်းရိုးကို ဖွင့်တာနဲ့တူတယ်၊ သူချစ်ကိုယ်ချစ် ချစ်ကြတာက အိမ်နှစ်အိမ်ကြားက ခြံစည်းရိုးကို ဖွင့်ပစ်လိုက်တာနဲ့တူတယ်၊ အခု မင်းတို့ဖွင့်နေတာက မင်းတို့အိမ်ရှေ့က ခြံစည်းရိုးပဲ၊ အဲ့ဒါဆို လူရော ခွေးရော ဘာသောညာသော အကုန်ဝင်လာမှာပဲ၊ ဖြစ်သင့်တာက ဘေးခြံစည်းရိုးကို ဖွင့်သင့်တယ်။ အဲ့ဒီအတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းကျေနပ်ဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချိုးမှပဲကွာ. . . ဘာတွေလာပွားနေမှန်းကို မသိဘူး"

"ဟေ့ကောင်. . . ကိုယ့်ဘာသာ အဖြစ်ရှိအောင်တောင် မလုပ်နိုင်ဘဲနဲ့ ဘာမှလာပွားမနေနဲ့၊ ချိုးပဲ. . . ဘာများပြောမလဲလို့ ငါနှယ်. . ."

ကျော်နောင်ရော သိန်းဦးပါ ပူကျိုပူကျိုဖြစ်ကုန်သဖြင့် . . .

"ကောင်းပြီလေ. . . ငါက စေတနာနဲ့ပါ၊ လိုတာမရသရွေ့ ရတာတွေ မလိုဘဲဖြစ်နေမှာစိုးလို့ လုပ်သင့်လုပ်ထိုက်တာကို ပြောပြတာပါ။ ချိုလေးကို ငါသာ စိတ်ဝင်စားရင် မင်းတို့လို အဝေးကနေ လောက်လေးနဲ့ လိုက်ချိန်မနေဘူးကွ၊ ဒိုင်ဗင်ထိုးပြီးဝင်ဖမ်းမှာ. . ."

"ရမယ်. . . စောင့်နေ. . ."

"အဲ့ဒါ အဖြေပဲလေ၊ ရရင်ရမယ်၊ မရရင်မရဘူးဆိုတဲ့အဖြေကို ရမယ်"

"ကဲ. . . ချိုလေးကို မင်းလိုက်မလား"

ကျော်နောင် အုတ်ခုံပေါ်ကခုန်ဆင်းပြီး သူ့မျက်နှာတည့်တည့် လက်ညှိုးထိုးပြီးမေးလာ၍ သူ့ကိုယ်ကို ယို့ဆုတ်ရင်း နည်းနည်းတော့ ဖီလင်ဖြစ်သွားသည်။ ထိုစဉ် သိန်းဦးက . . .

"အလကားပါ ကျော်နောင်ရာ၊ ရဲဝင်းဆိုတဲ့ကောင်က နှာဘူးမှန်းမသိ၊ ဂန်ဒူးမှန်းမသိဆိုတဲ့အကောင်ပါ"

ဒီစကားကိုတော့ သူ ဘဝင်မကျ။ ထို့ကြောင့် . . .

"ဒါဆို. . . မင်းတို့နှစ်ယောက်က အဲ့ဒီနှစ်မျိုးထဲက တစ်မျိုးပေါ့ ဒီလိုလား"





သိန်းဦး ဖုတ်ခနဲခုန်ဆင်းလာကာ သူ့ရင်ဘတ်အကျႌစကို ဆုတ်ဆွဲယူလိုက်စဉ် ထွန်းစိုး ကြားဝင်ကာ ဖယ်လိုက်သည်။

"မင်းတို့ ပြန်လိုက်တာကောင်းမယ် သိန်းဦး၊ အချင်းချင်းတွေကွာ၊ ကိုယ်က သည်းမခံတတ်ရင် သူများကိုလည်း မနစ်နာစေနဲ့လေ"

"ဘာတွေလဲကွာ၊ မင်းတို့ကောင်တွေ မဟုတ်သေးပါဘူး"

လှဆောင် ညည်းတွားသံနှင့် အုတ်ခုံပေါ်မှဆင်းကာ ဖျင်းကြောဆန့်လိုက်သည်။ ထို့နောက်မှ . . .

"ကဲ. . . ပြန်ကြမယ်. . ."

ပြောပြီး လှဆောင် အရင်ထွက်နှင့်၍ လှဆောင် နောက်က ကျော်နောင်ကပ်လိုက်ကာသွားသည်။ ကျော်နောင်လိုက်သွားတာမြင်တော့ သိန်းဦး ရပ်မနေနိုင်တော့ဘဲ အပြေးလိုက်သွားသည်။

"မင်းနဲ့လှဆောင်ပေါင်းပြီး ဒီကောင်တွေကို ကြပ်ပေးနေတာ မဟုတ်လား"

ထွန်းစိုး မျက်မှောင်ကျုံ့ကာ လှည့်ကြည့်သည်။

"မင်းက ဘယ်လိုလုပ်သိလဲ"

"ဒီတစ်ခေါက် ကိုရီးယားခေါ်တဲ့လေဘာတွေထဲမှာ မိန်းကလေး မပါဘူးလေကွာ၊ ပြီးတော့ ပထမအသုတ် လူခြောက်ဆယ်က ပြီးခဲ့တဲ့ အပတ်ကပဲ လွှတ်လိုက်ပြီ၊ ချိုလေးလို ချမ်းသာတဲ့မိန်းကလေးကရော ဒီလိုအလုပ်မျိုး လုပ်မလား"

"ဩော်. . . မင်းသိနေတာကိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . , အဲ့ဒါကို ချိုလေးပဲ လာပြောတာ၊ နင်မသွားဘူးလားလို့မေးပြီး ပြောပြလို့သိတာ"

"အဲ. . . မင်းနဲ့ချိုလေးက ဘယ်တုန်းက သိသွားပြန်တာလဲဟ"

"ငါ့အမေရဲ့ငါးပိက ကြော်ငြာမဝင်လည်း ရောင်းနေရတာပဲလေ၊ ငါးပိလာဝယ်ရင်း သိနေကြတာ"

"ဟာ. . . အဲ့ဒါ မင်း ဘာလို့မပြောတာလဲ၊ ဟိုကောင်တွေရော သိလား"

"မင်းတောင် အခုမှသိတာမဟုတ်လား"

ထွန်းစိုး သူ့ကို မယုံသလို လှည့်ကြည့်လျက် . . .

"မင်းကတော့ တကယ်ထူးခြားတဲ့ကောင်ပဲကွာ၊ ဆေးတွေဘာတွေများ ရှိလားမသိဘူး၊ တကယ်ပါပဲ"

"ဆေးတော့မရှိဘူးကွ၊ ဒါပေမယ့် ငါ့မှာ အတွေးတစ်ခုရှိတယ်၊ ဆီနဲ့ရေကို တန်ဖိုးညှိယူတဲ့သဘောပဲ"

"ဘယ်. . . ဘယ်လို. . ."

"လူတွေအားလုံးမေးကြည့်ကွာ၊ ဆီတစ်ပိဿာနဲ့ ရေတစ်ပိဿာကို တန်ဖိုးအတူတူထားနိုင်မလားလို့"

"ဟာ. . . မဖြစ်နိုင်တဲ့ကိစ္စ"

"ငါ့အတွက်တော့ဖြစ်နိုင်တယ်၊ မင်းစဉ်းစားကြည့်လေ၊ ကမ္ဘာပေါ်မှာ ဆီလုံးဝမရနိုင်တော့ဘူးဆိုရင် ရေလုံ့ပြုတ်ပြီး ချက်စားလို့ရတယ်၊ ရေငတ်ပြေအောင် ရေသောက်မယ်ကွာ၊ တကယ်လို့ ရေလုံးဝမရနိုင်





တော့ဘူးဆိုရင် ဆီနဲ့ကြော်ချက်စားလို့တော့ ရပါရဲ့၊ ဆီကို ရေငတ်ပြေအောင် သောက်လို့ရနိုင်မလား"

"ဟမ်. . ."

"အဲဒီတော့ ဆီမရှိရင်ဖြစ်တယ်၊ ရေမရှိလို့မဖြစ်ဘူး၊ ဒါနဲ့များတောင် ရေကို ဆီလောက် တန်ဖိုးမထားချင်ကြဘူးဆိုတော့ မလွန်လွန်းဘူးလား။ မိန်းမဆိုတာ ဆီပဲ၊ အချစ်ကတော့ ရေပေါ့ကွာ၊ အခု သိန်းဦးတို့ ချိုလေးမှချိုလေး ဖြစ်နေကြတယ်။ ကောင်းပြီ ချိုလေးမိဘတွေလက်ရှိချမ်းသာကြွယ်ဝတဲ့ အခြေအနေကနေ လူမွဲစာရင်း အသွင်းခံရတယ်ကွာ၊ ချိုလေးက ဆယ်တန်းတောင်မအောင်တဲ့ သာမန်မိန်းကလေးတစ်ယောက်ကွာ၊ အဲ့ဒါဆို မင်းကောင်တွေ ဒီလောက် အသည်းအသန်ဖြစ်နိုင်မလား၊ ဒီလိုဆိုရင် ငါထပ်မေးမယ်၊ ချိုလေးကို လိုအပ်တာလား။ ချိုလေးနဲ့ လက်ရှိအသိုင်းအဝိုင်းဂုဏ်ဒြပ်ကို လိုအပ်တာလား၊ ဆီနဲ့ရေတန်ဖိုးညှိသလို အချစ်နဲ့ချိုလေးကို အတူတူတန်ဖိုးထားတယ်ဆိုရင် သူ့အဖေပိုင်တဲ့ ကုမ္ပဏီမပါလည်းဖြစ်တယ်၊ ချိုလေး ကွန်ပျူတာနဲ့ ကျောင်းမပြီးလည်းချစ်တယ်၊ ချိုလေး ကိုယ်ပေါ်မှာ တန်ဖိုးကြီး အဆင်တန်ဆာတွေ မရှိပစေ ချစ်ရမယ်"

"ငါ့တော့ ရှုပ်သွားပြီ ရဲဝင်း"

"နောက်တော့ ရှင်းသွားမှာပါ၊ ငါကတော့ မိန်းမတစ်ယောက်ကို မိန်းမတစ်ယောက်အဖြစ်နဲ့ပဲ ရင်ခုန်ကြည့်ချင်တယ်၊ အဲ့ဒီမိန်းမကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ယောက်ျားတစ်ယောက်အဖြစ်နဲ့ပဲ မြင်စေချင်တယ်၊ ဒီလူ ချောလား လှလား၊ သူ့မှာ ဘယ်လိုအားသာချက်တွေရှိလဲ၊ ပညာတတ်လား၊ ဘယ်လောက်ချမ်းသာသလဲ၊ ငါနဲ့ လိုက်ဖက်တဲ့သူဖြစ်နိုင်ပါ့မလားဆိုတဲ့ ဆန်းစစ်တဲ့မျက်လုံးမျိုးနဲ့ မိန်းမကို စိတ်မဝင်စားတာ ရဲဝင်းပဲကွာ"

သူ စကားဖြတ်ပြီး အုတ်ခုံပေါ် ကဆင်းလိုက်သည်။ ထွန်းစိုးလည်း လိုက်ဆင်းရင်း . . .

"ဒါဆို ခင်ယုဆွေကို မင်း ဘာကြောင့် စိတ်မဝင်စားတာလဲ၊ ငါ သိသလောက်တော့ မင်းလိုချင်တဲ့ အချက်အလက်တွေနဲ့ လုံးဝ အံဝင်ခွင်ကျပဲ. . . လေကွာ"

"အံမဝင်ခွင်မကျတာ မင်းမှမသိဘဲကိုးကွ. . ."

ပြောပြီး ရပ်ကွက်လမ်းဖက် သူ ခြေဦးလှည့်၍ ထွန်းစိုး လိုက်လျှောက်ရင်းထပ်မေးသည်။

"ပြောပါဦး. . . ဘာကိုမကြိုက်တာလဲ"

"ဆယ်တန်းနှစ်က ဆုံးသွားတဲ့ သူ့ရဲ့ရည်းစားဦးနဲ့ အမှာလား ထင်ရလောက်အောင် တူလွန်းလို့တဲ့"

ထွန်းစိုး ပင့်သက်ချသံနှင့် ငြိမ်ကာ ဆက်လျှောက်သည်။ ထွန်းစိုးတို့အိမ်ဖက် ချိုးသော လမ်းသွယ်ထိပ်ရောက်မှ ထွန်းစိုးက . . .

"ငါ စဉ်းစားကြည့်တာတော့ မင်းရဲ့ ချစ်ဒသနကြီးက ကတုံး (ခေါင်းတုံး) ကို သန်းရှာသလိုဖြစ်နေပြီဟ"





ပြောပြီး ထွန်းစိုး လှည့်ထွက်သွားသဖြင့် သူလည်း ဆက်လျှောက်လာခဲ့သည်။ ပြီးတော့ ပြုံးပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သားရေ. . . အမေ့ကို အိုးလှယ်ပေးစမ်း"

အိမ်ဘေးက အမေ့အသံကြောင့် သူ ဖတ်လက်စဂျာနယ်ကိုချကာ အောက်ဆင်းလာခဲ့သည်။

"အမေ. . . ဘယ်အိုးလဲ"

"ဟိုးနောက်ဆုံးက အိုး"

အိမ်ဘေးနားကပ်လျက် စီရီပြီးချထားသော စဉ့်အိုးများဆီ အကြည့်ရောက်သွားပြီး အိမ်ဘေးနံရံမှာ ချိတ်ဆွဲထားသော ရာဘာလက်အိတ်ကိုယူကာ စွပ်လိုက်ပါသည်။

"အမေ. . . ဒီဇလုံက ထပ်ဝယ်လာတာလား"

"အဲဒါ ဟို တိုက်ကြီးအိမ်က လာပို့ထားတာလေ၊ အဲ့ဒီဇလုံထဲပဲ





လှယ်ထည့်လိုက်၊ မဆန့်ရင် ဟိုးက ဒန်ဇလားထဲထည့်. . ."

တိုက်ကြီးအိမ်ဆိုကတည်းက ချိုလေးတို့ဆိုတာ သိသွားသည်။ ဒီရပ်ကွက်ထဲ ခန့်ထည်ကြီးမားစွာ ဆောက်လုပ်ထားသော ချိုလေးမေတို့အိမ်ထက်ကြီးသော အိမ်ဟူ၍လည်းမရှိသဖြင့် ထိုအိမ်ကို တိုက်ကြီးအိမ်ဟုခေါ်ကာ ပြောစမှတ်ပြုကြသည်။ တိုက်ကြီးအိမ်က ဦးလေးကြီး၊ တိုက်ကြီးအိမ်က အဒေါ်ကြီး၊ ချိုလေးကိုလည်း တိုက်ကြီးအိမ်ကကောင်မလေးဟုပင် သုံးနှုန်းလေသည်။ ထို့ကြောင့် သူလည်း ငါးပိအိုးလှယ်ရင်း . . .

"ဒါ တိုက်ကြီးအိမ်ကဝယ်ဖို့လား"

"အေးလေ. . . အချိန်နှစ်ဆယ်လောက်ယူမယ်တဲ့၊ တောင်ကြီးဖက်က ဆွေမျိုးတွေဆီ ပို့မလို့တဲ့လေ"

"ဟုတ်လား. . . ဒါဆို အမေ့ငါးပိတွေ တောင်ပေါ်တက်ပြီပေါ့"

"အေးပေါ့သားရယ်၊ စေတနာအကျိုးပေးပေါ့။ ဒီခေတ် ငါးပိရည်ကျိုဝယ်စားရတာ ရောဂါဝယ်စားနေရသလိုပဲ၊ ငါးကိုင်ပြီးတာနဲ့ အိုးသိပ်ပြီး ဓါတ်မြေဩဇာ ထည့်ထားလိုက်တာ၊ သုံးလေးရက်ဆို နှပ်သွားလို့ ထုတ်ရောင်းကုန်ကြပြီ။ လူတွေလည်း လောဘနဲ့ တရားလက်လွှတ်တိုးပွားရှာနေတော့တာ၊ အမေ့ငါးပိက ရှေးမူမပျက် သဘာဝအတိုင်းဖော်ရောင်းတာဆိုတော့ စားရတာလည်း အရသာရှိ၊ အန္တရာယ်လည်းကင်းတယ်လေ၊ အဲ့ဒါကြောင့် ရောင်းရတာပေါ့"

ဒါတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်သလို ကိုယ့်ငါးပိ ကိုယ်ဘာသာငန်သည်ပဲပြောရမည်။ အမေက ငါးခွဲပြီးသည်နှင့် ဖောက်ကြီးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကာ နေလှန်းပစ်လိုက်သည်။ အမေပြောတာတော့ သွေးရည်စင်အောင်ထားသည်ဟု ဆိုပါသည်။ ထိုသို့ တစ်နေ ကောင်းကောင်း သွေးရည်စင်အောင်နေချပြီးမှ အိုးသိပ်သည်။ တစ်ချို့က လပြည့်ရက် ရေထရက်မျိုးတွင် ငါးပိအိုးဖွင့်ကာ ငံပြာရည်ခပ်ကြသည်။ ထူးဆန်းသည်ပဲ ပြောရမလား၊ ထိုရက်များ၌ ငါးပိအိုးထဲတွင် သိပ်ထားသော ငါးပိကောင်များပေါ် အရည်ကြည်လေးများပြည့်လျှံကာ တက်နေလေ့ရှိသည်။

ထိုအရည်ကြည်လေးများကို ဇွန်းနှင့်ဆယ်ခပ်ကာ ကျိုလိုက်လျှင် အလွန်အရသာကောင်းသော ငါးငံပြာရည်ကို ရပါသည်။ သို့သော် အမေ ငါးပိလုပ်စအချိန်ကစပြီး ယနေ့အထိ ငံပြာရည်မခပ်ခဲ့။ ငံပြာရည်ခပ်လိုက်လျှင် ငါးပိမှာ အချိုပေါ့သွားသည်ဆိုကာ ခပ်မစား။ အိမ်သုံးဖို့ ငံပြာရည်ကို ဆိုင်မှာ သီးခြားဝယ်ကာသုံးပါသည်။

ထို့ကြောင့်ပင်လားမဆိုနိုင်။ အမေ့ငါးပိရည်ကျိုကို စားဖူးသူများ ဈေးထဲက ငါးပိကို လှည့်မကြည့်ချင်ဟုဆိုပါသည်။ အင်းပေါ့ အမေပြောသလို မြန်မြန်ရောင်းလို့ရအောင် ဓါတ်မြေသြဇာထည့်ဖောက်တဲ့ ငါးပိမျိုးဆို ဘယ်မှာ အရသာရှိပါတော့မလဲ။

လူတွေရဲ့အတ္တကလည်း ကြောက်စရာ။ ကိုယ်တစ်မိသားစု ကြီးပွားချမ်းသာရေးအတွက် တစ်လောကလုံး ဘာဖြစ်ဖြစ်၊ ဘယ်သူသေသေ ငတော့ကြီးပွားရင်ပြီးရောဆိုသော တစ်ကိုယ်ကောင်းစိတ်နှင့် ကြိတ်ညာ ယုတ်မာနေကြသည်။ နည်းပညာ ခေတ်နည်းပညာ နိုင်ငံ (တတိယနိုင်ငံ) တွေကို အားကျကာ အမီလိုက်ကြသည်။ သို့သော် မှန်ကန်သော





နည်းလမ်းတော့မဟုတ်။ ဖြတ်လမ်းနည်းများ၊ လူတွင်ကျယ်နှင့် ဖြတ်လမ်းသမားများသက်သက်ပင်။ အသီးအနှံတွေထဲက ပြောရလျှင် ဥပမာ သရက်သီး၊ ငှက်ပျောသီး ထိုအသီးများက သူ့သဘာဝအလျောက် မှည့်မှစားကောင်းသောအရသာ ပေါ်လွင်သည်။ အန္တရာယ်ကင်းကာ ခွန်အားဖြစ်စေသည်။ ယခု သရက်သီး၊ ငှက်ပျောသီး ဝင်းဝင်းမှည့်မှည့်မြင်တိုင်း ဝယ်မစားရဲ။ ဆေးတို့သီး၊ ဆေးဖျန်းအမှည့်တို့ဖြစ်နေကာ အပြင်မှာ ဝင်းနေပြီး အထဲမှာ အစိမ်းအတိုင်းရှိနေလေသည်။

မှည့်အောင်ထားလျှင် အချိန်ကာလတစ်ခု စောင့်ရမည်။ ထိုအချိန်ကို မစောင့်နိုင်ကြ။ ပေါ်ဦးပေါ်ဖျား ဈေးကောင်းမိရေး (သို့မဟုတ်) ဈေးကွက်သို့ အလျှင်အမြန် ရောက်ရှိနိုင်ရေးအတွက် ဓါတုဗေဒဆေးရည် အသုံးပြုကာ အစိမ်းကို ချက်ချင်းဝင်းမှည့်လာအောင်လုပ်ပစ်တာ ဈေးကွက်ထဲ အရောက်ဝင်ကြသည်။ ရောင်းကြသည်။ သူတို့ကတော့ မြတ်လေ၏။ စားသုံးသူတို့ကတော့ သေလေ၏။ ချက်ချင်းမသေလျှင်တောင် ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များ ပျက်စီးကာ ကုမရ ကာမရသောဘေးဒုက္ခဆိုးနှင့် ကြုံကာ ခံစားကြရသည်။ ဆေးကုသစရိတ်ကြီးမြင့်လှ၍ အကုန်အကျသက်သာသော သေခြင်းတရားကို ရွေးချယ်လိုက်ကြသည်။ အလွန် နာကျည်းဖွယ်ရာကောင်းလေစွ။

ဟိုတစ်လောက လုဆောင်တို့အဒေါ်တွေ ရောက်လာကာ လုဆောင်တို့အိမ်မှာ တည်းကြသည်။ ရန်ကုန်မှာ ဆေးလာကုကြသည်တဲ့။ မုန့်လာဥကြော်စားမိ၍ တစ်မိသားစုလုံး အသားတွေဖောရောင်လာကြ

www.burmeseclassic.com



သည်တဲ့။ ကြားရသည့်သတင်းက မသက်သာ။ မုန်လာဥက စိုက်ခင်းထဲက ထွက်လာတုန်းက ခပ်သွယ်သွယ်။ မနက်ရောင်းချဖို့ တစ်ညလုံး ဓါတ်ဆေးရည်စိမ်လိုက်လျှင် ခပ်သွယ်သွယ်မုန်လာဥက ဝတုတ်ကြီးတွေ ဖြစ်လာသည်တဲ့။

သို့နှင့် ဖြူဖွေးဝကစ်နေသော မုန်လာဥကိုစားမိရာမှ ရှိသမျှ စည်းစိမ် အိမ်ရှေ့ပုံထားကာ ဆေးကုနေရသည့်အဖြစ်။

ထိုပြဿနာနှင့်ယှဉ်လျှင် အခင်းထဲ ရွက်ဖျန်းဆေး၊ ပိုးသတ်ဆေးဖျန်းထား၍ ဟင်းအိုးထဲအထိပါလာသော ပြဿနာက အတော်ပင် သေးငယ်သွားခဲ့သည်။ အာနိသင်ကတော့ သိပ်မကွာ။ ဒါက လတ်ဆတ်သော ပရိုတိန်းများပြဿနာ။ လတ်ဆတ်သော သားငါးများလည်း ရှိသေးသည်။ ချောင်းထဲ ကန်ထဲ အဆိပ်ဆေးချကာ ဖမ်းကြသည်။ အဆိပ်မိ၍ ပေါလောပေါ်လာသောငါးများအား အသာအယာ လိုက်ကောက်ယူရုံပင်။ နောက်ထပ် ခေတ်မီလာတာလည်းရှိသေးသည်။ ဒါက တရားဝင် လိုင်စင်နှင့်ဥပဒေအတိုင်း လုပ်ကိုင်နေကြသူတွေကို မဆိုလို။ အချောင်သမား မသမာသူတစ်ချို့ကိုသာ ဆိုလိုခြင်းဖြစ်သည်။

ကျွဲ၊ နွား၊ ဝက်၊ ဆိတ် စသော တိရိစ္ဆာန်ကြီးများက အသားရဖို့ ပေါ်ရသတ်ရသည်။ သမာသူတို့က ဒီလို ရက်စက်မှာကို မလုပ်လိုကြ။ အသတ်ခံရသော တိရိစ္ဆာန်များ နာကျင်၍ ဖော်လျှင် လူမိမှာလည်း စိုးသဖြင့် အဆိပ်ကျွေးကာသတ်ကြသည်။ ပြီးမှ ရင်ခွဲ၊ အစာအိမ်ကို ဖယ်ထုတ်ကာ အသားပေါ်ရောင်းကြလေ၏။ ထိုအခြေအနေနှင့်မတူ





တမူထူးသော ဟင်းခတ်များလည်းရှိသေးသည် ။ အကြမ်းဖတ်ထဲ ဆားရော၊ နနွင်းမှုန့်လား၊ ဆန်မှုန့်ဆေးဆိုးလား၊ အစိမ်းမှုန့်ထဲ မြေဖြူမှုန့် ဆေးဆိုးရောတာမျိုး။

ထိုပြဿနာပေါင်းစုံအား စေ့ငုစွာ ပြန်တွေးလျှင် ရေတောင် မြို့ချဖို့ခက်ခဲနေသော အခြေအနေကြောင့် မတွေးဘဲ သေကာမှသေ၊ နေရတုန်း အငတ်မခံနိုင်ကြသဖြင့် မသမာသူတို့ လက်ခမောင်းခတ်သော ခေတ်ထဲ လူဖြစ်ရသည့် ကိုယ့်ကံကြမ္မာကိုသာ အပြစ်တင်ရတော့မည်။ ယခုလည်း အမေပြောမှသိရသည်။ ငါးပိအိုးထဲ ဓါတ်မြေသြဇာထည့်သည်တဲ့။ သူများတိုင်းပြည် သူတစ်ပါးနိုင်ငံမှာ အသံထက်မြန်သော ယာဉ်များ တီထွင်ထုတ်လုပ်နေချိန် ရဲဝင်းတို့နိုင်ငံမှာလည်း အသေမြန်သော အစားအစာများ ပေါပေါလောလော ထုတ်လုပ်နေနိုင်ကြလေပြီ။ အံ့ဖွယ်ကောင်းလေစွတကား။

“ဟင်. . .”

“ဟပ်. . . ဟပ်. . ဟပ်ချိုး. . . ”

“အိုး. . .”

“ဟာ. . . ဘွာ. . . ဘွာ. . .”

ရဲဝင်း အတွေးနယ်ကျွံကာ ငါးပိအိုးနှိုက်နေတုန်း ယင်ကောင်တစ်ကောင်က ရဲဝင်းနှာခေါင်းကို ဝင်နှိုက်သည်။ လန့်ပြီး နှာခေါင်းကို ပွတ်မိမှ ငါးပိကိုင်သည့်လက်နှင့် ပွတ်မိကာ နှာခေါင်းထဲပိုယားလာပြီး နှာချေပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟပ်ချိုး. . ."

"အိုး. . . ရှင်. . . ဘယ်လိုလုပ်တာလဲ၊ ဒုက္ခပါပဲ"

"အာ. . . တမင်. . . တမင်. . . ဟ. . . ဟပ်. . . ချိုး. . ."

သူ့ဘေးမှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ချိုလေးမေဘက် နှာချေမိလျက်သားဖြစ်နေ၍ ချိုလေးမေ အော်ကာ ထရပ်သည်။ သူမမျက်နှာမှာလည်း တံတွေးတွေလား၊ ဘာတွေလား စင်ကုန်၍ ရှုံ့မဲ့ကာသွားသည်။

ရဲဝင်း အရမ်းကိုအားနာသွားပြီး. . .

"ခဏလေး. . . ကျွန်တော် ပြန်သုတ်ပေးမယ်. . ."

ပြောပြီး ငါးပိလက်ကြီးနှင့် သုတ်ဟန်ပြင်၍ ချိုလေးမေ နောက်ကို ရွံ့ကာ . . .

"လာမထိနဲ့နော်"

ဒီတော့မှ ရဲဝင်း သူ့လက်သူသတိထားမိကာ ထပ်ပြီး အားနာရ ပြန်သဖြင့် . . .

"အမေ. . . အမေရေ. . ."

"အော်မနေနဲ့၊ ဒေါ်လေး အပြင်ထွက်သွားတယ်"

"အဲ. . . ဗျာ. . . အဲ့ဒါဆို မျက်နှာသစ်လိုက်ပါလား၊ လာ. . . လာ. . . ဆပ်ပြာလည်းရှိတယ်၊ အားနာပါတယ်ဗျာ၊ ကျွန်တော် တမင် လုပ်တာမဟုတ်ပါဘူး"

ရဲဝင်း ရှေ့ကနေ ဦးဆောင်ပြီးခေါ်သဖြင့် သူမ ရှုံ့မဲ့မဲ့နှင့် လိုက်





ပါလာခဲ့သည်။

"ကျွန်တော် လုပ်ပေးရမလား၊ လက်အိတ်ချွတ်လိုက်မယ်လေ"

"ရှင့်မျက်နှာပဲရှင်လုပ်ပါ၊ နှာခေါင်းပွတ်ထားတဲ့ အဲဒီလက်အိတ် ကြီးနဲ့ ငါးပိပြန်နှိုက်လို့ကတော့ အဲ့ဒီငါးပိကို မဝယ်ဘူးနော်. . . ဒါပဲ"

"အဲ့. . ."

သို့မှပင် နှာသီးဝနားကပ်ပြီးမွှေးနေသော ငါးပိတွေကို သတိရ ကာ သူလည်း လက်အိတ်ချွတ်လိုက်ရတော့သည်။

မျက်နှာသစ်လိုက်မှ ပါးပြင်နုထွေးထွေးလေးပေါ် ရေစက်ရေ ပေါက်ကလေးများ ဟီးလေးခိုကာ လှနေသော ချိုလေးမေ၏မျက်နှာကို အနီးကပ်ငေးမိကာသွားသည်။ လှလိုက်တာ။ ဒါကြောင့် ဒီကောင်တွေ။

ထိုအချိန်မှာပင် သူမမျက်နှာလေး မော့အကြည့်နှင့် မျက်လုံးချင်း ဆုံမိကာ ရဲဝင်း အသက်ရှူမှားတော့သည်။ ကိုယ့်ကိုယ်ကိုလည်း အပြစ် တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်နေမှန်းသိကာ မကျေမနပ်ဖြစ် မိလေသည်။

ငါ့နှယ်ကွာ အားနာစရာတွေများလွန်းလို့ ဘာနဲ့ နာရမှန်းတောင် မသိဘူးဖြစ်နေပြီ။

"ကဲ. . . ရှင် မြန်မြန်လုပ်၊ ကျွန်မ အချိန်သိပ်မရဘူး"

"ဪ. . . အင်း. . . ခဏလေးနော်"

ပြောပြီး ကပျာကသီ မျက်နှာသစ်ကာ စောစောကချွတ်ထားသော လက်အိတ်တွေကို ရေနှင့် သေချာဆေးလိုက်သည်။ ပြီးမှ ပြန်စွပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလှယ်သည့်နေရာဆီ ပြန်လျှောက်လာခဲ့သည်။ ရောက်သွားတော့လည်း ငါးပိအိုးမှာရော ဇလုံမှာပါ ယင်ကောင်တွေ တရှန်းရှန်းဖြစ်နေ၍ သူမကို အားနာရပြန်လေသည်။ ဒါတော့ သူလည်း ဘယ်လိုမှမတတ်နိုင်သလို ယင်ယပ်တံနှင့် ယပ်ခတ် မောင်းထုတ်ပြီး ဆက်လုပ်နေရသည်။

"အိမ်ရောက်လို့ အိုးနဲ့ဖြစ်ဖြစ် ဗူးနဲ့ဖြစ်ဖြစ် ပြန်ခွဲသိပ်ရင် လောက်သေရွက်လေးအုပ်ပြီး ဆားလေးနည်းနည်းဖြူးသိပ်လိုက်တာ ကောင်းမယ်"

"အဲဒါကို ဒေါ်လေးကိုပြောမလို့ အားနာလို့၊ ကျွန်မတို့ဘာသာလုပ်ရင် အဆင်ပြေမှာမဟုတ်ဘူး၊ ဟိုရောက်မှ အကောင်တွေဘာတွေ တွေ့ရင်လည်း မကောင်းပြန်ဘူးဆိုတော့လေ"

"ဪ. . . ရပါတယ်၊ ကျွန်တော်လိုက်လုပ်ပေးပါ့မယ်၊ ဟိုမှာ အိုးအဆင်သင့်ဖြစ်လား၊ လောက်သေရွက်ကတော့ ခြံထဲက ခူးယူသွားလို့ရတယ်"

"ဟိုကော်ဗူးတွေဝယ်ထားတယ်လေ"

"ဟုတ်လား. . . ဒါလည်းဖြစ်ပါတယ်"

ပြောပြီးကာမှ စိတ်ထဲ တစ်မျိုးကြီးဖြစ်ရပြန်ပါသည်။ သူမ တောင်းဆိုသမျှ နည်းနည်းလေးမှတောင် အိုက်တင်ခံမနေဘဲ လိုလိုချင်ချင်ကြီးကို လက်ခံပေးလိုက်သလိုဖြစ်နေသည်။ တကယ်ဆို အင်း. . . အဲ. . . အဲဒါ. . . အမေ့ကိုပြောကြည့်လေ၊ ကျွန်တော် လိုက်လုပ်ပေးရတာက ဘာမှ အပန်းမကြီးပါဘူး၊ ဘာညာ ဒီလောက်လေးတော့ တောင့်ခံထား





သင့်သည်။ ခုတော့ ကောင်မလေးလှတာနဲ့ပဲ သွားရည်တောက်တောက်ကျပြီး ပါသွားသော ခပ်ပေါပေါယောကျ်ားတွေလိုပဲဟု ထင်မြင်သွားလျှင်သေပြီ။

သူ ဒီလောက်မပေါကြောင်း သူ့ကိုယ်သူသိသည်။ ချိုလေးမေ၏ အိမ်အထိ လိုက်ခွင့်ရတော့ရော သူ့အတွက် ဘာများထူးခြားလာမည်နည်း။ ငါးပိစော်နံပြီး ပြန်ထွက်လာရုံအပြင် ပိုမရှိ။ ဒါပေမယ့် ဒီလိုအခွင့်အရေးမျိုး သိန်းဦးနှင့် ကျော်နောင်သာရလျှင် ထီပေါက်သလို ဝမ်းသာအားရ ထခုန်နဲ့ မခုန် တစ်သန်းကြေးတောင်လောင်းရဲသည်။

"ရဲဝင်းရေ ပြီးပလား"

"ဟုတ်. . . အမေ. . . နည်းနည်းပဲ ကျန်တော့တယ်"

"မင်းကွယ်. . . ဒါလေးလှယ်နေတာ ကြာလိုက်တာ"

"အမေချိန်တော့မလား"

"မချိန်တော့ဘူးလေ၊ အစိတ်အိုးကို နှစ်ဆယ်နဲ့ဖြတ်ပေးလိုက်တာ၊ သမီးတစ်ယောက်တည်း သယ်သွားလို့ သယ်နိုင်ပါ့မလား"

"အဟင်းဟင်း. . . နိုင်လိမ့်မယ်ထင်တာပဲ ဒေါ်လေးရဲ့"

"မဖြစ်သေးပါဘူး၊ ကဲ. . . ရဲဝင်း မင်းပဲ အိမ်ရောက်အောင် လိုက်ပို့ပေးလိုက်၊ သမီးက ဒီဖက် လက်ကျန်ဇလားလေးသယ်ပြီး လိုက်သွားပေါ့"

"ဟုတ်. . . ကျေးဇူးပဲဒေါ်လေး"

"ဆိုက္ကားနဲ့သယ်တာ မကောင်းဘူးလားအမေ၊ ဒါကြီးသားထမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားရင် တစ်ကိုယ်လုံး နံစော်ကုန်မှာပေါ့"

"အိုးကွယ်. . . ရေချိုးလိုက်ရင်ပြီးတာပဲ၊ အလကား ဆိုက္ကားခ အကုန်ခံလို့"

သူ ဆက်မပြောတော့ဘဲ အလုပ်ကို လက်စသပ်လိုက်သည်။ အမှန်တော့ သူလိုက်ထမ်းပို့ဖို့ ဆုံးဖြတ်ထားပြီးသား။ ဒီနေရာမှာ ချိုလေးမေ မဟုတ်ဘဲ တစ်ခြား ခပ်ထေထေ ခပ်မွဲမွဲတစ်ယောက်သာဆို စိတ်ထဲက နေ တွေးစရာခုစရာမရှိ ရှိရင်းစွဲစေတနာနှင့် အသေအချာကို ကူညီလိုက်ရုံပင်။ ချိုလေးမေ ဖြစ်နေတော့ကာ ခက်သည်။ လှလွန်းသည် ပြည့်စုံနေလွန်းသည်။ ထူးထူးခြားခြား ပိုထားတာမဟုတ်ဘဲ ရိုးရိုးသားသား စေတနာထားလျှင်တောင် ပတ်ဝန်းကျင်က အရောင်ဆိုးဦးမည်။ ဒီကောင် ကြောင်ပြီးလုပ်နေတာ. . . မြင်လား. . . ဆိုတာမျိုး။

ဒါတော့ ထားပါတော့။ ပတ်ဝန်းကျင်ကို သူ ဘာမှမတတ်နိုင်။ ယခု တတ်နိုင်သလောက် ကာယကံရှင်ကို အသိပေးလိုက်ခြင်းဖြစ်သည်။ လုပ်ချင်လွန်းလို့လုပ်တာမဟုတ်ဘူးဆိုတာလောက် သိအောင် ဆိုက္ကားကိစ္စ တမင်ပြောခြင်းဖြစ်ပါသည်။

"ဟာ. . . ရဲဝင်း. . ."

အချိန်နှစ်ဆယ်ကျော်သော ငါးပိဇလုံကြီး ပခုံးပေါ် ထမ်းထား၍ ဘေးကခေါ်သံကို ကြားသော်လည်း ချက်ချင်းလှည့်မကြည့်နိုင်အား။ ခြေလှမ်းတွေရပ်ပြီးမှ လူတစ်ကိုယ်လုံး လှည့်ကာ မျက်လုံးလှန်ကာ ကြည့်သည်။ ခေါင်းကိုတော့ မော့လို့မရ။ သို့သော် သိန်းဦးနှင့်ကျော်နောင်ဆို





တာ မြင်ရသည်။

"ဘယ်တုန်း. . . ဘာလုပ်မှာတုန်း. . ."

"ချိုလေးမေတို့အိမ်ကို လိုက်ပို့မှာလေ"

သူပြန်ဖြေရင်း တစ်စုံတစ်ခုကိုတွေးမိကာ. . .

"အား. . . ကျွတ်. . . ကျွတ်. . . မင်းတို့ ဒီအတိုင်းကြည့်နေတော့မှာလား. . ."

ဆိုတော့ကာ သိန်းဦးရော ကျော်နောင်ပါ ပျာပျာယာယာဖြစ်သွားပြီး . . .

"ပေး. . . ပေး. . . ရဲဝင်း ငါဝိုင်းထမ်းမယ်"

"အံမယ် သိန်းဦးရာ၊ မင်းဝလလေးနဲ့ ခါးကျိုးသွားပါဦးမယ်၊ ငါထမ်းမယ်"

"အိုခေ. . . ငါထမ်းနိုင်တယ်ဆို၊ မင်း လွှက်ရည်ဘိုးရှင်းမလား"

"သောက်ချင်ရင် ဒီအတိုင်းတိုက်ပါ့မယ်ကွာ၊ ပေးပါ. . . ဒီအလေးကြီး ငါပဲထမ်းမယ်၊ မင်းက ချိုလေးလက်ထဲက ဇလုံကိုယူခဲ့"

ကျော်နောင်ပြောရင်းနှင့် သူ့ပုခုံးပေါ်က ငါးပိဇလားကို ဆွဲခနဲ မယူကာ ပုခုံးပေါ်ပြောင်းယူလိုက်လေသည်။

သိန်းဦးလည်း သကြားပုံးထဲကထွက်လာသည့် ပုရွက်ဆိတ်တို့၏ အပြုံးမျိုးနှင့် ချိုလေးလက်ထဲကဇလုံကို လွဲယူကာသွားကြသည်။ သူနှင့် ချိုလေးမေတို့ နောက်ကနေလိုက်လာကြခိုက် သူမက လေသံနှင့်. . .

"အဲ့ဒီနှစ်ယောက်က ရှင့်သူငယ်ချင်းတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ငယ်ပေါင်းတွေလေ"

"ကျွန်မ ကြည့်လို့မရဘူး"

"သဘောကောင်းကြပါတယ်"

"အလကား . . . ကြောင်နေမှန်း အသိသာကြီး"

ချိုလေးမေကို ဒီကောင်တွေ ဘယ်အခြေအနေအထိ လျှောက်ပြန်သံပေးလုပ်ထားကြမှန်းတော့ သူမသိ။ သို့သော် ချိုလေးမေ မထုံဘူးဆိုတာတော့ သူသိပြီ။ သူ့ဖက်က ကာကာကွယ်ကွယ်လေးလုပ်ထားတာပင် အချိန်မီရုံလေးဟုတွေးကာ စိတ်သက်သာရာရမိသည်။ ထို့ကြောင့် သူမကို အကဲခတ်သည့်သဘောနှင့် . . .

"အမှန်တော့ ငါးဝိဝယ်တာ ခင်ဗျားကိုယ်တိုင်မလာသင့်ဘူး၊ အိမ်က ခြံစောင့်ဖြစ်ဖြစ် ဒရိုင်ဘာဖြစ်ဖြစ် လွှတ်ပြီး ဝယ်ခိုင်းသင့်တယ်"

"အဲ့ဒါက အလကားနေရင်း ဘဝင်လေဟပ်နေတဲ့သူတွေပဲလုပ်တာ။ ကျွန်မတော့ မလုပ်ချင်ဘူး"

"မဟုတ်ဘူးလေ၊ ကျွန်တော်ဆိုလိုတာက ခင်ဗျား စိတ်အနှောင့်အယှက် မဖြစ်ဘူးပေါ့"

"ရှင် ဒီလိုတွေးပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မစိတ်က အားလုံးအကူတူပဲဖြစ်ချင်တယ်၊ သူဌေးမို့လို့၊ ခြံစောင့်မို့လို့ဆိုတဲ့ အနိမ့်အမြင့်ကြီးကို မကြိုက်ဘူး၊ ဒီချိန် ဒရိုင်ဘာ ဦးရွှေ မအားတော့ဘူး၊ ဖေဖေ့အလုပ်နဲ့ မေမေ့အလုပ်ကြားမှာ ဗျာများနေပြီ။ ခြံစောင့်ဦးကျော်က အသက်ခြောက်ဆယ်ကျော်၊ ကျွန်မအဘွားထက်တောင်





အသက်ကြီးသေးတယ်၊ သူ့ကို ကလေးခိုင်းခိုင်းလို့ သင့်ပါ့မလား၊ အဲဒီတော့ ကိုယ်နိုင်ရာ ကိုယ်လုပ်ပြီး သာတူညီမျှရှိတဲ့ လူ့ပတ်ဝန်းကျင်လေးဖြစ်နေရင် စိတ်မချမ်းသာဘူးလား"

သူ ဘာဆက်ပြောရမှန်းမသိခင် ခြံရှေ့ရောက်လာ၍ စကားပြတ်သွားသည်။ ခြံစောင့်ဦးလေးကြီးက ငါးပိဇလုံသယ်လာသူတွေနှင့် ချိုလေးမေကို တွဲစပ်ကာမြင်၍ နိုင်ခန့်လှသော ခြံတံခါးကြီးအား ဖွင့်ဟပေးလိုက်သည်။

ကျော်နောင်တို့ခြံအဝင်လမ်းအတိုင်း မတွန့်မရွံ့ အတော်လေးလျှောက်ဝင်သွားပြီးမှ . . .

"ရဲဝင်း ငါတို့ ဘယ်နေရာချပေးရမလဲ"

သူမဖြေခင် သူမက . . .

"လက်စနဲ့ မီးဖိုဆောင်အထိ သယ်ပေးပါလား"

"ရတယ်၊ ဇဝရတ်တောင်ထိပ်အထိဆိုလည်း ဖြစ်တယ်"

ဒါတော့ နည်းနည်းများသွားပြီဟု သူတွေးနေခိုက် သူမက . . .

"ဇဝရတ်က မြင့်ပါတယ်ရှင်၊ ဒီခြံထဲမှာပဲ ဆယ်ပတ်လောက် ဝတ်ကြည့်စမ်းပါဦး"

"တကယ်လား"

"ယောကျ်ားဆိုတာ အပြောနဲ့အလုပ် တစ်ထပ်တည်းနေ၊ မလုပ်နိုင်ဘဲနဲ့ မပြောနဲ့"

"သိပ်လုပ်နိုင်တာပေါ့၊ ကဲ . . . ရဲဝင်း ငါ စပတ်ပြီးမင်း ရေထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဩော . . . ဆယ်ပတ် တကယ်ပတ်နိုင်ရင် ဘာဆုချမလဲ"

ကျော်နောင်ချည်း ဖိဖောနေ၍ သိန်းဦး မနေနိုင်တော့ဘဲ . . .

"မင်းကွာ . . . အလောင်းအစားမပါရင် စကားမပြောတတ်တော့ဘူးလား"

"ရတယ် . . . ကျွန်မကလည်း အဲ့သလို ယှဉ်ရတာကို သဘောကျတယ်"

"ကဲ . . . ရှင်တို့အားလုံး အဲ့ဒီငါးပိဇလားနဲ့ ဒိမ်ကို ဆယ်ပတ်ပြည့်အောင် ပတ်ပြနိုင်တယ်ဆိုရင် အအေးတိုက်မယ်၊ မုန့်ကျွေးမယ်၊ ကျွန်မသူငယ်ချင်းအဖြစ်လည်း သတ်မှတ်မယ်၊ ဆယ်ပတ်မပြည့်ရင်တော့ အအေးသောက်ပြီး ဝေးဝေးနေတော့၊ ဘယ်နှယ့်လဲ"

"စိန်လိုက်လေ . . . ကဲ . . . စပြီ . . . "

ထို့နောက် ကျော်နောင်က ငါးပိဇလုံအား ဘယ်ညာ ပုခုံးပြောင်းကာ စပတ်လေတော့၏။ သူတို့အုပ်စုထဲ ကျော်နောင်က ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်ရကာ ဆယ်ပတ်လောက်တော့ အသာလေးပတ်နိုင်မည်ဟု သိန်းဦးတွေးထင်လျက် မချင့်မရဲလေသံနှင့် . . .

"ရဲဝင်း . . . မင်းရော ပတ်နိုင်မယ်လို့ထင်လား"

သူပြုံးသည်။ ပြီးမှ စိတ်လက်ပေါ့ပါးနေသောဟန်နှင့် . . . .

"ဒီအလုပ်ကို ငါ စိတ်မဝင်စားဘူးကွ၊ ချိုလေးမေနဲ့ ခင်မင်ခွင့်မရရင် သေသွားမှာမို့လို့လား၊ လူလူချင်း စေတနာမေတ္တာမှန်နဲ့ ဆက်ဆံမယ်ကွာ၊ ခင်ချင်မှခင်လေ . . ."





သူ့စကားကြောင့် သိန်းဦးအားနာသွားသလိုမျိုး ချိုလေးမေကို အရေးတကြီးလှမ်းကြည့်သည်။ ချိုလေးမေ ပုခုံးတွန့်ပြကာ ပြုံးပါသည်။ ထိုအခိုက်မှာပင် ကျော်နောင် အှုလျှားဖားလျှား ပြန်ပြေးလာပြီး ငါးပိဇလုံကိုချကာ မြေကြီးပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဒါတောင် ဒူးတွေက ဆတ်ဆတ်တုန်နေဆဲ။

"ကျော်နောင် . . . ဘယ်လိုဖြစ်တာလဲ"

သိန်းဦး အလန့်တကြားမေးသည့်တိုင် ကျော်နောင် လက်ခါပြရုံသာပြနိုင်ပြီး နီမှဲ့ချိမြင့်ချီဖြစ်နေသော ရင်ဘုံအောက်က ခုန်ခုန်ထွက်နေသော အသက်ဝိညာဉ်ကို ပြန်ပြန်မြိုချနေရသည့်နှယ်။

"ဒါဆို . . . မင်းရှုံးပြီပေါ့"

"အေး . . . ဟူး . . . ဟဲ . . . အရှုံးပဲပေး . . . ပေးလိုက်တော့မယ် . . . ဟူး"

ထို့နောက် သိန်းဦးက ကျော်နောင်ချပေးသော ငါးပိဇလုံကို ဆတ်ခနဲမယူကာ ပုခုံးပေါ် ဆွဲတင်လိုက်ပါသည်။

"ကဲ . . . စပြီ . . . ချိုလေးမေရေ . . . ဆယ်ပတ်နော်"

အော်ပြောပြီး ခပ်သွက်သွက်ပြေးထွက်သွားသော သိန်းဦးကို ကြည့်ကာ သူမ ခစ်ခနဲ အသံထွက်ရယ်မောရင်းက . . .

"ကဲ . . . ကျွန်မ အအေးနဲ့မုန့်တွေ စီစဉ်လိုက်ဦးမယ်၊ ရှင်တကယ်မပြိုင်ဘူးပေါ့"

"ကျွန်တော့်စကားက အကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . ဟိုတစ်ယောက်ကိုတော့ ဆယ်ပတ်ပြည့် မပြည့် စောင့်ကြည့်ပေးပါနော်၊ အဲ့ဒါပြီးရင် မီးဖိုခန်းထဲအထိ ရောက်အောင်တော့ ပို့ပေးကြပါဦး"

သူ ခေါင်းညိတ်ပြလိုက်သည်။ သူမ ကျောခိုင်းကာသွားသည်။ ထိုအလှတရားနှင့် ကျော်နောင် အမောဖြေကာနေနေခိုက် ငါးပိဇလုံနှင့် ခုန်ခုန်ပြီးပြေးလာသော သိန်းဦးကိုတွေ့ရသည်။ သိန်းဦး ဇလုံကို ဖုတ်ခနဲချပြီး ဆတ်ဆတ်တုန်နေသော ဒူးတွေကို လက်နှင့်ဖိထားကာ. . .

"ခွေးမသား. . . ခွေးရှိရင် ရှိတယ်လို့ပြောပါလား၊ ဟူး. . . ဟီး . . . အား. . . ယား. . . ယား. . ."

"ပြောစရာလားကွ၊ ငါသာ ခွေးကြောက်လို့ပြန်ပြေးတာ၊ မင်းတို့ ခွေးကြောက်ချင်မှ ကြောက်မှာပေါ့"

"ခွီးမှပဲ၊ ခွေးက ခြသေ့်နဲ့ဖောက်စပ်ထားသလား အောက်မေ့ရတယ်၊ ငါ့ခန္ဓာကိုယ်လောက်ကို အတောင့်လိုက်မြိုပစ်နိုင်တဲ့ခွေးဟ လဒရဲ့"

သူ နားထောင်နေရင်းက ဟက်ခနဲ တစ်ချက်ရယ်ပစ်ကာ . . .

"အဲဒါပဲကွ. . . ငါးစာပဲမြင်ပြီး ငါးဆစ်ကိုမမြင်ဘူးဆိုတာ၊ ဒီအိမ်ကို ဒီဇလုံနဲ့ ဆယ်ပတ်လောက်ကတော့ မင်းတို့လို ယောက်ျားရင့်မာကြီးတွေမပြောနဲ့ သူတောင် လုပ်နိုင်တယ်၊ အဲ့ဒါကို လွယ်လွယ်နဲ့ လောင်းကြေးထပ်တာ ဘာကြောင့်လဲ။ ဘယ်လိုအတားအဆီးမျိုးကို သူယုံကြည်





လို့လဲ၊ မဟုတ်ရင် မင်းတို့နဲ့ ခင်မင်ခွင့်ရချင်လို့လား၊ သေချာတာကတော့ မင်းတို့နဲ့ ဝေးဝေးနေချင်တဲ့ပုံကွ"

"ဟေ. . . ဘာကြောင့်လဲ. . ."

"ဒါ သူ့အိမ် သူ့ခြံလေ၊ ဒီလိုအတားအဆီးမျိုးကို သူသိတယ်လေ"

ကျော်နောင် လေပူမှုတ်၍ ခေါင်းကိုရမ်းခါပစ်ပြီး . . .

"ခွေးက ငါ့ခါးစောင်းလောက်ရှိတယ်ကွ၊ ခတ်ထားတဲ့သံကြိုးကို ရုန်းဆောင့်ပစ်လိုက်တာများ အိမ်ပါခါထွက်သွားသလား အောက်မေ့ရတယ်"

"အေးကွာ. . . သံကြိုးသာ ပြတ်ထွက်လာလို့ကတော့ ငါလည်း ငါးပိဖြစ်သွားမှာပဲ၊ အမလေးကွာ. . . ပြောရတာတောင် ကြက်သီးထတယ်"

"ကဲ. . . လောလောဆယ် ဒီဇလုံတွေ မီးဖိုခန်းရောက်အောင်တော့ ပို့မှဖြစ်မယ်"

"ဟေ. . . ခွေးကြီးက မီးဖိုဆောင် နောက်ပေါက်မှာကွ"

"အခု သူ့သခင်ရှိပါတယ်၊ ဒီလောက်တော့ သူသိတယ်၊ ကဲ သွားကြမယ်"

သူ စကားဖြတ်ပြီး ငါးပိဇလုံကိုမယူကာ ထမ်းလိုက်သည်။ အဲ့ဒီနောက်မှ ကျော်နောင်တို့ လက်ကျန်ငါးပိဇလားလေးအား သူယူငါယူနှင့် တွက်ကပ်ကျန်ခဲ့ကာ နောက်ဆုံးတော့ သိန်းဦး မကြည်မသာနှင့် ဆယ် ယူလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇိမ်ခံပစ္စည်းများနှင့် ခန့်ငြားထည်ဝါလှသော ဧည့်ခန်းကို ဖြတ်ကျော်ပြီး မီးဖိုဆောင်ဘက်ရောက်သည်နှင့် သူမ အသင့်ကြိုနေနှင့်ကာ မီးဖိုခန်းအလယ်တွင် ကန့်လန့်ဖြတ်ခင်းထားသော စားပွဲရှည်ပေါ်သို့ တင်ရန် ရဲဝင်း ပခုံးပေါ်မှ ကူကာချမေးသည်။ အအေးနှင့်မုန့်များကို လည်း ထိုစားပွဲ၏ တစ်ဖက်ထိပ်မှာပင် ပြင်ဆင်ကာထားသည်။ အိမ်ဖော် ဖြစ်ဟန်တူသော အမျိုးသမီးကြီးက အမြင့်ထိုင်ခုံနှစ်လုံးသယ်ယူလာပြီး အအေးပြင်ထားသော စားပွဲနေရာမှာ ဖြည့်ခင်းပေးပါသည်။

"ကဲ. . . ခဏလောက်နားကြပြီး အအေးနဲ့ မုန့်လေးသုံးဆောင်ကြပါဦး၊ ဟိုးကဘေစင်မှာ လက်ဆေးလေ၊ အဲ့ဒီမှာ ဆပ်ပြာလည်း ရှိတယ်"

သိန်းဦး ကျော်နောင်တို့ မဆိုင်းမတွပင် လျှောက်ကာသွားကြသည်။

"ကျွန်တော့်ကို ဆားထုပ်နဲ့ လောက်သေရွက်တွေပေး၊ ထည့်မယ့် ဘူးတွေက ဒါတွေလား"

"ဟင်. . . ရှင်လည်း ခဏနားဦးလေ"

"ရတယ်. . . အလုပ်ပြီးမှပဲ. . ."

သို့နှင့် လုပ်စရာရှိတာကို စားပွဲပေါ်မှာပင် ဇယ်ဆက်သလို လုပ်ကိုင်နေတော့၍ လက်ဆေးပြီး ရောက်လာသော ကျော်နောင်တို့ကို သူမ သွားရောက်ကာ ဧည့်ခံပါသည်။

"ဘယ်လိုလဲ မနိုင်ဘူးမဟုတ်လား"





ကျော်နောင်က ခပ်ထွေထွေပြုံးလျက် . . .

"ဟိုခွေးကြီးသာမရှိရင် အသာလေးပေါ့ ချိုလေးရာ၊ ဒါပေမယ့်လည်း ချိုလေးသာ သူငယ်ချင်းအဖြစ် လက်ခံမယ်ဆို အင်္ဂါဂြိုဟ်အထိ . . ."

"ဟိုး. . . ဟိုး. . . ဆရာ ဧဝရတ်တွေ အင်္ဂါဂြိုဟ်တွေ လုပ်မနေပါနဲ့တော့၊ အားနာပါတယ်၊ ကျွန်မတို့လောင်းကြေးကတီအတိုင်းပဲ ထားလိုက်ကြတာပေါ့၊ ဟုတ်ပြီလား၊ အန်တီမြင့်ရေ ဧည့်သည်နှစ်ယောက် ပြန်ဖို့ ခွေးလိုက်ကြည့်ပေးပါဦး၊ ကျွန်မ ဧည့်ခန်းထဲမှာ လွှတ်ထားမိတယ်"

ကျော်နောင်တို့ ဖင်တကြွကြွဖြစ်ကုန်ကြကာ ခြံဝအထိ လိုက်ပို့ဖို့ လာခေါ်သော အန်တီမြင့်ဆိုသူနှင့် ပါသွားလေတော့သည်။

"ဩော်. . . ယောကျ်ားတွေများ အံ့သြစရာပါလား၊ အို. . . ဆောရီး. . . ကျွန်မပြောတဲ့အထဲမှာ ရှင်မပါဘူးနော်"

သူမ သတိလက်လွတ် ညည်းတွားမိပြီးမှ ရဲဝင်းကို သတိထားမိကာ ပြန်တောင်းပန်ခြင်းဖြစ်သည်။

"ပါတယ်လို့ပြောလည်း ကျွန်တော့်အသက်ရှင်မှုအတွက် သိပ်အရေးမကြီးပါဘူး"

"အဟင်းဟင်း. . . ရှင်က နည်းနည်းထူးဆန်းတယ်"

ရဲဝင်း ပြုံးနေပြီး နောက်ဆုံးလက်ကျန်ဘူးကို ငါးပိသိပ်ထည့်နေလိုက်သည်။ လောက်သေရွက်က ထိုတစ်ဘူးစာလောက် လိုနေသဖြင့်. . .

"အရွက်က ဒီတစ်ဘူးစာအတွက် လိုနေတယ်၊ ညနေကျမှပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရွက်လာပေးလိုက်မယ်"

"အင်း. . . ရတယ်လေ၊ သီးသန့်ကြီးတော့မလုပ်ပါနဲ့၊ အဲ့ဒီဘူးက အိမ်သုံးဖို့ထားလိုက်ပြီး နောက်မှ ကျွန်မ ကြုံရင်ဝင်ယူပါ့မယ်"

ထို့နောက် သူလက်ဆသိမ်းကာ ငါးပိဘူးများအား ဘေစင်အထိ သယ်သွားပြီး တစ်ဘူးချင်း သေချာဆေးကြောကာ စားပွဲမှာ ပြန်တင်ပေးထားလိုက်သည်။ သူလည်း လက်ဆေးသန့်စင်လိုက်ပြီး သူ့အတွက် ကျန်နေသော အအေးဖန်ခွက်ကို ယူကာ သောက်နေ၏။

"ရှင်. . . အခု အလုပ်က ဘယ်မှာလုပ်နေလဲ၊ ကျောင်းရော ဘာနဲ့ပြီးထားလဲ"

"ဒုက္ခဗေဒ. . . အဲ. . . အဲ. . . နောက်ရင်းပြောင်ရင်း နှုတ်ကျိုးနေလို့ Botany နဲ့ ပြီးတာပါ"

"အဟင်းဟင်း. . . ရှင့်နှယ်. . . ရုက္ခနဲ့ဒုက္ခက အသံတူပေမယ့် အကွာကြီးပါနော်"

"ဟုတ်တယ်. . . ကျွန်တော့်အတွက်တော့ ဒုက္ခပဲဗျ၊ အမှန်ဆို ကျွန်တော်က သတ္တဗေဒယူရမှာ၊ အမေက ငါးပိလုပ်တော့ အိမ်မှာ ငါးခွဲ ဖားခွဲ ဝိုင်းလုပ်ရင်း အတော်ကျွမ်းကျင်ထားတယ်၊ ခက်တာက အဖေလေ၊ သူက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းနဲ့ပဲ ဘဝကို အချိန်ကုန်သွားတဲ့သူဆိုတော့ သူ ပင်ပန်းတာကြည့်ပြီး ကျွန်တော်ဝင်ကူညီတယ်၊ ရေလောင်းပေါင်းသင် အသီးခူး အရွက်ခူးပေါ့ဗျာ၊ ကိုယ်လုပ်





နိုင်တာလေးပေါ့၊ အမေ့ကိုလည်း ဒီလိုပဲ ဝင်ကူပေးတာလေ၊ ဒါပေမယ့် အဖေက အမေနဲ့မတူဘူးဗျ၊ သူ့ကိုလည်း အကူအညီပေးရသေးတယ်၊ သူ့စိတ်တိုင်းမကျရင် ဖိဟောက်တော့တာပဲ၊ ကျွန်တော်ကလည်း မလုပ်ဘူးဗျာဆိုပြီး ပစ်ချပြီး ထွက်သွားတတ်တဲ့ သားသမီးမျိုးမဟုတ်လေတော့ ပေပြီး ခံရတာပေါ့၊ အဖေက လူတစ်ယောက်ကို မွေးမြူတာနဲ့ သစ်ပင်တစ်ပင်စိုက်ပျိုးတာဟာ ဂရုစိုက်ပြုစုပုံချင်းအတူတူပဲလို့ ဆိုတယ်။

မင်းကို ငါဂရုစိုက် ပျိုးထောင်သလိုမျိုး ငါ့သစ်ပင်တွေကို ဂရုမစိုက်နိုင်ရင် လာမကိုင်နဲ့တဲ့၊ ကျွန်တော် အဲ့ဒီမှာ ဗီလင်ဖြစ်သွားတယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း အဖေပြောလည်းပြောစရာ။ အခင်းထဲ ပေါင်းသင် မြက်နုတ်ရင် အဖေစိုက်ထားတဲ့အပင်တွေပါ နုတ်မိခုတ်မိကုန်တယ်။ အားလုံးစိမ်းနေတာ ရုတ်တရက် မခွဲခြားတတ်ဘူးလေဗျာ။ လူလိုပြုစုဆိုတော့ လူတောင် များများစား မြန်မြန်ဝသေးတာ အပင်တွေလည်း များများစားဆိုပြီး ဓါတ်မြေဩဇာတွေ သိပ်ထည့်ပစ်တာ သေတုန်ပါရောလား။

ရေမကြိုက်တဲ့အပင်နဲ့ ရေကြိုက်တဲ့အပင်ဆိုတာကလည်း ရှိသေး။ အဲ့ဒီမှာ အဖေ့ဆီက တစ်ချက်လွှတ် အမိန့်ကျလာတော့တာပဲ။ ရဲဝင်းမင်း ဆယ်တန်းအောင်ရင် ရေဆင်း အမှတ်မမီရင် ရုက္ခဗေဒလျှောက်ဆိုတာပေါ့၊ ကျွန်တော်လည်း မငြင်းရဲတဲ့သားမျိုးဆိုတော့ လျှောက်လိုက်တယ်။ ရေဆင်းက အမှတ်မြင့်တော့ Botany ပဲရတယ်၊ ရတာကိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

ဒုက္ခရောက်လိုက်တာမှ အကြီးအကျယ်ပဲ။ သစ်ပင်ဆိုတဲ့အကောင်တွေဟာ အပင်ရှုပ်၊ အကိုင်း အရွက်ရှုပ်သလောက် မျိုးစိတ်တွေကလည်း ရှုပ်ယှက်ခတ်နေတာပဲ၊ သစ်ကြောရွက်ကြောတွေမှတ်ရ၊ မျိုးစိတ်မျိုးပေါင်းတွေမှတ်ရ ပုံဆွဲရတဲ့ဒုက္ခကလည်း သေးသေးမဟုတ်ဘူး။ အမြစ်ဆင်းပုံတွေ လေ့လာရတယ်၊ အဖေ့ခြံထဲမှာ နေ့တိုင်း နုတ်ပြီး အစည်းရာနဲ့ချီပြီးစည်းရတဲ့ ချဉ်ပေါင်ပင်က ဒုက္ခအပေးဆုံးပဲ။ ပြီးတော့ အပွင့်တွေ အစေ့ရွက်တွေ၊ အရောင်တွေ အစာထုတ်ယူပုံတွေ၊ ဇီဝပြောင်းလဲပုံတွေဟာဗျာ၊ ရှုပ်ပြီထင်တာ။ တကယ်ပါ။

ဒီကြားထဲ အိမ်မှာ တစ်ပတ်နှစ်ခါလောက် အဖေမေးတာပြန်ဖြေရတယ်။ အဖေ ဘွဲ့မရပေမယ့် အပင်တွေနဲ့ တစ်သက်လုံးနေလာတာဆိုတော့ လက်တွေ့နဲ့ နောကျေအောင်သိတယ်။ ကျွန်တော် ကျောင်းတက်နေစဉ်ကာလတစ်လျှောက် အဖေ့ကျူတိုရီယယ် ဖြေရတာ အခက်ဆုံးပဲ။ လက်တွေ့ဆင်းရတဲ့အခါ ပိုဆိုး။ ခင်ဗျားလည်းသိတဲ့အတိုင်း။ အိမ်မြောင်ဆိုတာ အိမ်မှာနေလို့ အိမ်မြောင်ဖြစ်နေတာ။ ကျောင်းမှာနေရင် ကျောင်းမြောင်ဗျ။ အဖေ့သီအိုရီတွေ ကျောင်းမှာ သွားထည့်ဖြေလို့မှ မရတာ။ ဒီလောက်ဆို ကျွန်တော့်အတွက်က ရုက္ခဗေဒက အသဲရောအမိပ္ပါယ်ပါ မတူဘူးလား"

"အခိခိ. . . ခိ. . . အဟင့်ဟင့်ဟင့်. . . ရှင် တော်တော် စိတ်





ညစ်ခဲ့တဲ့ပုံပဲနော်"

"ရှုးတောင်ရှူးချင်သွားပါတယ်ဆို"

"အခု. . . ကျောင်းပြီးတော့ ရှင့်အဖေက ဘာပြောလဲ"

"ဘာမှကို မပြောနိုင်တော့တာ၊ ကျွန်တော် ဒုတိယနှစ်မှာပဲ အဖေဆုံးသွားတယ်"

"ဪ. . ."

သူမ စိတ်မကောင်းဖြစ်သွားဟန်နှင့် မြည်တကာကြည့်၍ သူလည်း အအေးလက်ကျန်မော့ပြီး အိမ်ကယူလာသော ဇလုံကို လှမ်းယူလိုက်သည်။

"ကဲ. . . ပြန်ပြီဗျာ"

"ဟုတ်. . . ဟို. . . ရှင် တစ်ခုမဖြေခဲ့ဘူးနော်"

"အလုပ်လား"

"အင်းလေ. . ."

"လောလောဆယ်တော့ အမေ့ကုမ္ပဏီမှာပဲဗျ၊ နည်းနည်းအနံ့ပြင်းတာကလွဲလို့ မဆိုးပါဘူး"

ပြောပြီး သူ ဇလုံယူကာ မီးဖိုဆောင်မှထွက်ရန် ပြင်သဖြင့် သူမက သူ့ရှေ့ကကြိုထွက်နှင့်ကာ . . .

"အန်တီမြင့်ရေ ဂျိုလီကြီးရော"

"အပေါ်ထပ်မှာ သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်. . ."

"လာ. . . ကျွန်မ ခြံတံခါးအထိ လိုက်ပို့ပေးမယ်၊ ဂျိုလီက မျက်နှာစိမ်းရင် နည်းနည်းဆိုးတယ်"

အခုချိန်ထိ သူမမြင်ဘူးသေးပေမယ့် ဟိုကောင်တွေ လန့်သွားတာကို ကြည့်ပြီး သူလည်း နည်းနည်းကျောချမ်းနေမိသည်။

■



## အခန်း (၃)

ညနေစာစားပြီးတော့ ထုံးစံအတိုင်း သူတို့အုပ်စုတွေ လမ်းထိပ်တာအုတ်ခုံမှာဆုံကြသည်။ လှဆောင်တစ်ယောက်တည်း စာအုပ်တစ်အုပ်နှင့်ကြိုတင်ကာ ရောက်နှင့်နေပြီ။ သူက ဒုတိယရောက်သွားသည်၊ သူရောက်ပြီး သိပ်မကြာ ထွန်းစိုးရောက်လာပါသည်။

"ဟိုနှစ်ယောက်က ဒီနေ့ ဘာဖေါက်တာလဲကွ"

"ဘယ်နှစ်ယောက်လဲ"

"သိန်းဦး နဲ့ ကျော်နောင်လေကွာ၊ ငါတို့အနောက်လမ်းက အဖြူဆိုင်ထဲရောက်နေတယ်၊ ညနေက ဖြတ်သွားတာမြင်လို့၊ ငါ အခု ထွက်လာရင်း လှည့်ကြည့်ခဲ့တာ အဟုတ်ရောက်နေတယ်"

"အသည်းကွဲတာနေမှာပေါ့ကွာ၊ ချိုလေးက သူတို့နှစ်ယောက်တို့



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးနေဖို့ ပြောထားတယ်"

"ဟေ. . ."

သူစကားကြောင့် လှဆောင်ပါ စာအုပ်ပိတ်ပြီးလှည့်ကြည့်သည်။

"မင်းကို ဘယ်သူပြောတာလဲ"

"ချိုလေးကိုယ်တိုင်ပြောတာ"

"အဲ. . ."

ထို့နောက် နေ့ခင်းက ငါးပိသွားပို့သည့်ကိစ္စပါ သူပြောပြလိုက်၍ လှဆောင်တို့ အခြေအနေအလုံးစုံကို အကဲခတ်မိကာ . . .

"အင်း. . . ဒီအတိုင်းဆို အဲ့ဒီကောင်နှစ်ကောင် သေချာပေါက် တွဲပြီကွ၊ ဒါနဲ့ ပြည်ပထွက်မယ့်ကိစ္စရော ဒီကောင်တွေ မေးကြည့်သေးလား"

"မမေးဘူး"

"တော်သေးတာပေါ့. . . မေးမိလို့ အမှန်အတိုင်းသိသွားရင် ငါ့ကို ရမယ်ရှာပြီး လာရမ်းဦးမယ်"

"မင်းတို့လည်း မဟုတ်သေးဘူးလှဆောင်"

"ဟ. . . ဘာကိုလဲ"

"သူငယ်ချင်းအချင်းချင်း မကူညီနိုင်ရင်နေ၊ မကြပ်နဲ့ကွာ. . ."

"ဟ. . . အဲ့ဒါ ကြပ်တာမဟုတ်ဘူး၊ ဒီကောင်တွေ ငယ်ထိပ်မှာ





အဆိပ်ရောက်နေလို့ အဆိပ်ချပေးတာ၊ ဝန်ခံရရင် နားညည်းလွန်းလို့ ချွန်ပေးတာလည်းပါတာပေါ့ကွာ၊ ဒီကောင်တွေ ပြည်ပသွားဖို့ကိစ္စ လာ လုပ်နိုင်းရင်တော့ ဘယ်လုပ်ပေးပါ့မလဲ၊ ငါမှားတာ၊ နာမည်တူတာ ဘာညာဆိုပြီး လှော်ပစ်မှာပေါ့"

"အဲဒါဆိုလည်း စောစောစီးစီး ကိုယ့်ပယောဂကိုယ်လွှတ်အောင် နေကြကွာ၊ သူငယ်ချင်းတွေထဲ ပြဿနာဖြစ်တာမျိုး မကောင်းဘူး"

"အေးပါ လဒရာ၊ ချီးမပဲ ဘုန်းကြီးစာချ လာမလုပ်စမ်းပါနဲ့"

လှဆောင် နှာနုအရိုက်ခံရသလို မွှန်ပြီးအော်ကာ စာအုပ်ပြန်ဖတ် သည်။

ညနေက သရိုးသရီချိန်လေးဖြစ်လာ၍ လေနုလေးတစ်ချို့ ခပ် သုတ်သုတ်လေး ဖြတ်ပြေးလာကြသည်။

"ပျင်းတယ်ကွာ. . . ဆိုင်ထွက်ထိုင်ကြရအောင်"

ထွန်းစိုး အုတ်ခုံပေါ်မှခုန်ဆင်းကာ အညောင်းဆန့်ရင်းပြောစဉ် သိန်းဦးနှင့်ကျော်နောင်တို့ ရောက်လာပြီး . . .

"ခဏလေး. . . ထွန်းစိုး၊ ငါတို့ ဒီနေရာမှာပဲ စာရင်းရှင်းစရာရှိ တယ်"

အားလုံးလှည့်ကြည့်လိုက်တော့ ကျော်နောင်တို့၏မျက်လုံးအစုံညို များက ရဲဝင်းဆီမှာဖြစ်ကာ လှဆောင်ပါ စာအုပ်ပိတ်ပြီး အရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ဟော့ကောင် ရဲဝင်း မင်း. . . ဝန်ခံစမ်း"

"ဘာကိုလဲ"

"မင်းနဲ့ချိုလေးက ဘာအထာလဲ"

"ငါနားမလည်ဘူး ကျော်နောင်"

"ခွပ်. . ."

"အား. . ."

"အဲဒါ ရှုးချင်ယောင်ဆောင်ချင်ဦး"

ဇလလည်းကောင်း လက်သီးကလည်းပြင်းလှသဖြင့် ရဲဝင်း ပက်လက်လန်ကာ မြောင်းထဲဂွမ်းပြန်ကာကျသွားသည်။ တစ်ပတ်လည်ကာ လေးဘက်ထောက်ကျသွားလို့သာ တော်တော့သည်။ သို့သော် ရေခမ်းကာ ခြောက်သွေ့နေ၍ သိပ်တော့မသက်သာလှ။

လှဆောင်ရော ထွန်းစိုးပါ ဆင်းပြေးလာပြီး ဆွဲထူကြသည်။

"ကွဲသွားပြီထင်တယ်"

လှဆောင်က သူ့နှုတ်ခမ်းထောင့်ကိုကြည့်ပြီး ပြောခြင်းဖြစ်သည်။

"ရတယ်. . . ငါ ဘာမှမဖြစ်ဘူး၊ ခဏလေးလွှတ်ကွာ၊ ငါ အပေါ်တက်မယ်"

"မဖြစ်ဘူး၊ ဟိုကောင်တွေ မူးနေတယ်"





"ဘာမှမမူးဘူး လှဆောင်၊ အဲ့ဒီကောင်ကို လွှတ်ပေးလိုက်စမ်း"

ကျော်နောင် အသံပြကြီးနှင့် ဒုတ်ခုံပေါ်မှငုံ့ကြည့်ကာ အော်သည်။ သိန်းဦးက လေပြေနှင့် . . .

"အသားမနာချင်ရင် ဝန်ခံကွာ၊ မင်းနဲ့ချိုလေးက ဘာလဲ"

"ဘာမှမဟုတ်ဘူး၊ မင်းတို့ အထင်လွဲနေတာ၊ သူတို့က ရိုးရိုးပဲကွ"

"ထွန်းစိုး မင်းဝင်ပြီးလျှာမရှည်နဲ့၊ မင်းပါ နာသွားမယ်"

"မဟုတ်သေးဘူးကွာ၊ သူငယ်ချင်းတွေ ဒီလိုရှင်းစရာလားကွ"

"မင်း ဘာသိလဲ၊ ဒီကောင်နဲ့ ဟိုဟာမ ပေါင်းပြီး ငါတို့ကို အရှုံးလုပ်သွားတာ၊ အဲ့ဒါ မင်းသိလား"

"ငါ လက်မခံဘူးကွာ၊ အဲ့ဒါမှ မကျေနပ်ရင် ငါ ရဲဝင်းဖက်ကရှိတယ်၊ ကြိုက်တဲ့ပုံစံနဲ့ ရှင်း"

လှဆောင် ပြောရင်းနှင့် မြောင်းထဲတစ်ဝက်နစ်နေသော ဒုတ်ခဲကို ဆွဲဖော်ကာ ကိုင်လိုက်သည်။ ထွန်းစိုးလည်း နီးရာ ဝါးပိုင်းတစ်ခု ပြေးဆွဲသဖြင့် ကျော်နောင်တို့ အရှိန်နည်းနည်းလျော့ကြသည်။

"ချီးပဲကွာ၊ မင်းတို့ ဘာမှမသိဘဲနဲ့ ဝင်ကန့်မနေနဲ့ ဟော့ကောင်တွေ"

"သိတယ်. . . ကွ၊ ရဲဝင်း ရောက်ရောက်ချင်း အားလုံးပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြပြီးပြီ"

အပေါ်နှင့်အောက် အချီအချပြောနေစဉ်မှာပင် ရဲဝင်း မြောင်းပေါ်ပြန်တက်ကာ အုတ်ခုံမှာပြန်ထိုင်ရင်း သူ့နှုတ်ခမ်းကဒဏ်ရာအား လက်ခုံနှင့် ဖိဖိကာ တို့နေလိုက်သည်။ ပြီးမှ . . .

"ငါ အမှန်အတိုင်းဝန်ခံတာပဲ၊ ခုချိန်ထိ ငါ့စိတ်ထဲမှာ ချိုလေးလည်းမရှိဘူး၊ ချိုပေါ့လည်းမရှိဘူး၊ ငါ့အိမ်မှာ ငါးပိလာဝယ်တဲ့ ဖေါက်သည်တစ်ယောက်အဖြစ်နဲ့ပဲ ခင်နေတယ်၊ သူလည်း ငါ့ကို ငါးပိသည်တစ်ယောက်ထက်မပိုဘူး၊ အဲ့ဒါမှ မင်းတို့မယုံကြည်ရင်လည်း ကြိုက်တာလုပ်ကွာ"

"အေး. . . ပြီးရော. . . ဒါပေမယ့် ဒီနေ့ဖြစ်စဉ်ကိုတော့ ငါတို့ ရေလည်တင်းတယ်ကွာ. . ."

"ဒါတော့ မင်းတို့ဘာသာ မဆင်မခြင် ငမ်းကြောထလို့ဖြစ်တာပဲ ငါနဲ့ ဘာဆိုင်လဲ မင်းတို့ဘာသာ အလွတ်ကြီးနေရင် အလွတ်ကြီး. . ."

ရဲဝင်းစကားက အမှန်တိုင်းကြီးကို မှန်နေ၍ ကျော်နောင် နှာမှုတ်သံပေးကာ အုတ်ခုံကိုဆောင့်ကန်ပစ်သည်။ သိန်းဦးက အုတ်ခုံကို လက်သီးနှင့်ထိုးဖို့ရွယ်ပြီးမှ အုတ်ခုံကနည်းနည်းမာနေ၍ အသာပြန်လျှော့လိုက်သည်။ လှဆောင်က အုတ်ခဲကိုမြောင်းထဲ ပြန်ပစ်ချရင်း. . .





"မင်းတို့တွေ ကိုယ့်အချင်းချင်း ခြေပါလက်ပါတာတော့ အရမ်းမှန်းပဲကွာ၊ ရှင်းရှင်းပြောရရင် ကိုရီးယားသွားမယ် ဘာညာဆိုတာ ငါက ကြပ်တာ အဲ့ဒီကိစ္စကိုတောင် မကြပ်ကြဖို့ ဒီကောင်ကတားနေတာ. . ."

"ဘာ. . . ဒါဆို ချိုလေး ကိုရီးယားသွားမယ်ဆိုတာ တစ်ကယ်မဟုတ်ဘူးပေါ့. . ."

"မဟုတ်ပါဘူးဆိုကွာ. . ."

"ဟား. . . တော်သေးတာပေါ့ ကျွတ်. . . လှဆောင်ရာ မင်းနောက်စရာရှားလို့ အိုခေ ငါပြန်မယ်. . ."

"ဘာလဲ ကျော်နောင်. . ."

"ငါ့ဦးလေးကို ကုမ္ပဏီကိစ္စ ရှော်ပစ်လိုက်ဖို့ပြောထားတာ အချိန်မီပြန်ပြင်ရဦးမယ်"

ပြောပြီး ကျော်နောင် ရေကြီးသုတ်ပြာပြန်သွား၍ သိန်းဦး မှုန်ကုတ်ကုတ်နှင့်ကျန်ခဲ့သည်။

"မင်းတို့ အလကားကောင်တွေ ဘာမဟုတ်တဲ့ ကိစ္စနဲ့ အရက်သောက်တယ်၊ အချင်းချင်းပြဿနာရှာတယ် ဘွဲ့ရ ပညာတတ်လို့မပြောနဲ့ကွာ ရှက်တယ်"

လှဆောင် ပွိကျိပွိကျိလုပ်ပြီး သူ့စာအုပ် သူပြန်ဖွင့်လိုက်သည်။ သိန်းဦး ဘာကိုမှမပြောနိုင်ပဲ အုတ်ခုံပေါ် ဇက်ကျိုးကာ ထိုင်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ရဲဝင်းက

"ချိုလေးမေ စရိုက်က မင်းတို့ တွက်သလောက်မလွယ်ဘူး သိန်းဦး၊ ဒီမိန်းမရဲ့စိတ်က ယောကျ်ားဆန်တယ် ယုံကြည်မှုအပေါ်မှာ ရဲရင့်ပြတ်သားတယ် ဖြန့်ကျက်တွေးခေါ်တဲ့နေရာမှာ စေ့စပ်သေချာမယ့် မိန်းမမျိုးလို့ ငါ သုံးသပ်မိတယ်၊ မင်းတို့ သူ့ကို လွှမ်းမိုးနိုင်ဖို့ အများကြီး ယောကျ်ားပီသရလိမ့်မယ် မဟုတ်လို့ကတော့. . . သူနဲ့ တစ်သက်လုံး တစ်အိမ်တည်း အတူနေခွင့်ရလည်း မနီးစပ်နိုင်ဘူးဆိုတာ ငါလောင်းရဲတယ် သိန်းဦး"

"ဒါဆို ငါ ဘာလုပ်ရမလဲ သေချာတာကတော့ ကျော်နောင်နဲ့ စာရင် ငါ တစ်လှမ်းနောက်ကျနေပြီကွ. . . ရှိုး. . . ဟား. . ."

သိန်းဦး လှည့်ပြောရင်း ငုံ့ချထားသော ခေါင်းကို မော့လှန်ကာ လေကိုစုပ်သွင်းပြီး မှုတ်ထုတ်ပစ်လိုက်သည်။ ပြီးတော့ ဆံပင်ကို အပေါ် ဆွဲလှန်ပွတ်သပ်ကာ အံကို တင်းတင်းကြိတ်ထားသည်။ ဒါကို ထွန်းစိုးက

"မင်း အရှုံးခံစားနေရလား သိန်းဦး"

"မဟုတ်ဘူးကွ. . . အရှုံးမူးနေတာ. . ."

"ထင်သားပဲ မင်း အံကြိတ်မထားရင်. . . အန်ချတော့မှာ မဟုတ်လား. . ."

"အေး. . ."





"သောက်သုံးမကျတဲ့ အရက်တွေလျှောက်သောက်တာကိုးကွ"

"ဘယ်အရက်က သောက်သုံးကျ ဝေါ့. . . အော့. . . အော့. . . ထွီ. . . ဝေါ့. . ."

"ဟာ ပေကုန်ပြီကွာ ချီးမှပဲ. . ."

သိန်းဦးနှင့် ထွန်းစိုးတို့ ဗူးဗူးဝါးဝါးဖြစ်နေခိုက်မှာပင် သူ အုတ်ခုံ ပေါ်ကဆင်းကာ လမ်းထဲလျှောက်ဝင်လာခဲ့ပါသည်။

"ဟာ ပြန်ပြီလား ရဲဝင်း. . ."

လှဆောင် လှမ်းမေးသံဖြစ်သည်။ သူလှည့်မကြည့်တော့ပဲ နောက်ပြန်လက်ဝေ့ရမ်းပြခဲ့ကာ ဆက်လျှောက်လာတော့၏။

●

မှောင်ရီသန်းချိန်လည်းဖြစ်၊ ဒီချိန် မီးဖွင့်ထားလည်း ခရမ်းချဉ် သီးလောက်ပဲလင်းသော အချိန်ဖြစ်၍ သူ့မျက်နှာက ဒေါ်ရာ အမေ မမြင်လောက်ဘူးဟုတွေးမိကာ ပြန်လာခြင်းပင်။

သူ ခြံရှေ့အရောက် ချိုလေးမေ ခြံထဲက အထွက်နှင့်ဆုံကြ သည်။ သူမ လက်ထဲမှာလည်း လောက်သေရွက်တစ်ချို့။

"အမေ ခူးပေးလိုက်တာလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ရှင်မှမရှိတာ ဒေါ်လေးကိုလည်း မခွးနဲ့လို့ပြောပါသေးတယ် မှောင်နေလို့လေ ကျွန်မလည်း စာအုပ်ဆိုင်သွားရင်း လမ်းကြုံတယ်ဆိုပြီး ဝင်မိတာ"

သူ ခေါင်းညိတ်ပြပြီး ခြံထဲဝင်ဖို့ လှည့်အထွက်. . .။

"ရှင့်. . . နှုတ်ခမ်းမှာ သွေးတွေ. . ."

"ဩော်. . . အင်း. . . ဘာမှမဟုတ်ပါဘူး. . ."

သူ လှည့်ပြောရင်း အသာလက်ခုံနှင့်ဖိကာ ပြီး ဆက်အထွက် ခြံထဲကနေ မီခင်ဖြစ်သူထွက်လာကာ. . .။

"ဘာဖြစ်တာလဲ. . . ရဲဝင်း. . ."

"အာ. . . ဘာမှမဖြစ်ပါဘူး. . . အမေရ. . ."

"မဟုတ်ဘူး ဒေါ်လေး သူ့ နှုတ်ခမ်းထောင့်နေရာမှာ ယောင်လည်းယောင်နေတယ်"

ဒီလောက်ကောင်းတဲ့ မျက်လုံးမျိုးကို ညသန်းခေါင်ကျော်မှ သန်းရှာနိုင်းလျှင် ဘယ်သို့နေမည်မသိ၊ လောလောဆယ် ပြဿနာရှာလိုက်၍ အမေပြုံးပြာသွားကာ လက်ထဲပါလာသော လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

"ဘုရား. . . ဘုရား နင် ရန်ဖြစ်လာပြန်ပြီမဟုတ်လား"

"မဖြစ်ပါဘူး အမေရာ"





"ဟဲ့ မဖြစ်ဘဲနဲ့ ဒီဒဏ်ရာက ဘယ်လိုဖြစ်မှာလဲ ပြောစမ်းဘယ်မှာဖြစ်လာလဲ ဘယ်သူနဲ့လဲ. . ."

"ဩော် ဒုက္ခပါပဲ မဖြစ်ပါဘူးဆိုနေမှ. . ."

ပြောပြီး အိမ်ဖက်ဆက်ထွက်လာခဲ့သဖြင့်

"နင့်ကို အဲဒါကြောင့် ညဘက်အပြင်မထွက်ပါနဲ့လို့ပြောတာ ငါ့နှယ် သားယောကျ်ားလေးမွေးမိတာ မှားတာပဲ ဒီကရှေ့ နင် ထွက်ကြည့်"

အမေ့အသံမကြားရတော့မှ သူ ပုဏ္ဏားကွယ်ကနေ အသာချောင်းကြည့်သည်။ ချိုလေးမေနှင့် အမေတို့ လမ်းထဲလျှောက်ဝင်သွားကြတာ တွေ့ရမှ သူပင့်သက်ချကာ မှန်ရှေ့ရောက်သွားသည်။

"ခွေးမသား လက်သီးကလည်းပြင်းလိုက်တာကွာ. . . ဟိုအချွန်မကလည်း ကိုယ်သိ ကိုယ့်ဘာသာ အေးဆေးနေတာမဟုတ်ဘူးကျွတ်. . . ကျွတ်"

●

တစ်ပတ်လောက်တော့ နေအိမ် အကျယ်ချုပ်ကျသွားသည်။ ဒါပေမယ့် အမေ ငါးထွက်ဝယ်လျှင် လိုက်ရသည်။ အမေ ငါးကိုင်



www.burmeseclassic.com

www.burmeseclassic.com



နေရင်းတန်းလန်း ကွမ်းပြတ်သွား၍ ကွမ်းစားချင်လျှင် ထွက်ဝယ်ပေးရသည်။ နေ့ခင်းတစ်ချိန် လက်ဖက်ရည်သောက်ရမှ နေပျော်သော အမေ့အတွက်လည်း လက်ဖက်ရည် ပါဆယ်ဝယ်ဖို့ကိစ္စကိုတော့ ပုံမှန်အတိုင်း ရပ်ကွက်ထဲက ဦးဝကြီးဆိုင်မှာဝယ်ပေးရပါသည်။ ကျန်တဲ့အချိန် အိမ်မှာ အမေ့ကိုကူလုပ်လျှင်လုပ် မလုပ်လည်းငုတ်တုတ်ပင်။

တစ်ခါတစ်လေများကျတော့လည်း ညစ်ညစ်ကပ်ကပ်နှင့် ကပ်သီးကပ်ဖဲ့တွေးဖြစ်ကာသွားသည်။ လူအမျိုးမျိုး၊ စိတ်အထွေထွေ လူတစ်ကိုယ် အကြိုက်တစ်မျိုးစသည်ဖြင့်။ ဆိုပါစို့ သူတို့အုပ်စုလေးထဲ မြန်ကာတွေး ကြည့်သည်။ သိန်းဦးနှင့်ကျော်နောင်က သူမှတ်မိသလောက် မိန်းကလေးတွေကို အလွန်စိတ်ဝင်စားကြသည်။

ရှစ်တန်းနှစ်က သိန်းဦးလိုက်စကားပြောသော ကောင်မလေးတို့ ကျော်နောင်က အားကျမခံစာလိုက်ပေး၍၊ သိန်းဦးရောကျော်နောင်ပါ အတန်းရှေ့ထွက်၍ ဖင်ချွတ် အတီးခံလိုက်ရသည်။ သူတက်ခဲ့သော ကမ္ဘာ့ကျောင်းက စည်းကမ်းထိန်းသိမ်းရေးဆရာ ဦးကျင်ဝက် က အလွန်ပင် လက်သံပြောင်လှသည်။ ဆရာမက နောက်တစ်ခါ ဒီအမှုအကျင့်မျိုး ထပ်လုပ်လျှင် စည်းကမ်းထိန်းသိမ်းရေးရုံးကိုပို့မည်ဟု သတိပေးထားလိုက်သည်။

တစ်လလောက်ငြိမ်သွားပြီး ဒုတိယအစမ်းဖြေကာနီးမှ ကျော်





နောင် ရောဂါစလာသည်။ နေ့ခင်း မုန့်စားဆင်းချိန် ကျောင်းဆောင်အနောက်ဖက်က စိုက်ခင်းထဲ ဟင်းရွက်ခူးနေသော ကျောင်းစောင့်ကြီးသမီးကို ရည်းစားစာသွားပေးသည်။ ကောင်မလေးက ပြုံးပြီး ယူထားလိုက်ကြောင်း ပြန်ကြွား၍ သိန်းဦး မခံနိုင်ဖြစ်ကာ ညနေကျောင်းဆင်းမှ ထိုကောင်မလေးအား စာသွားပေးလေသည်။ ထိုအချိန်သည် ကျောင်းစောင့်ကြီး အခင်းထဲရေလောင်းနေချိန်ဖြစ်ရကား သိန်းဦးလုပ်ပုံကို မြင်ကာ အမိဖမ်း၍ ရုံးခန်းပို့တော့သည်။ ကျောင်းဆင်းချိန် ကျောင်းသားတွေအားလုံးနီးပါး ပြန်ကုန်ကြသော်လည်း သိန်းဦး အခြေအနေသိရရေးအတွက် သူတို့လေးယောက် မပြန်ဖြစ်သေး၊ ဆရာ ဆရာမတွေလည်း ရှိနေသေး၍ ထိုအမှုက ထိုနေ့ ညနေမှာပင် စီရင် ခံရသည်။

သိန်းဦးကို ကျောင်းစောင့်ကြီး ဆွဲခေါ်သွားတာမြင်သည်နှင့် ကျော်နောင် ခွက်ထိုးခွက်လန် အော်ရယ်ကာ ဒီကောင် အတွယ်ခံရတာကို အရသာခံပြီးကြည့်မည်ဟုပြောကာ ကျောင်းထဲဝင်သွား၍ သူတို့လည်း လိုက်ဝင်လာကြသည်။ ထိန်းရုံးဘေးက ပြတင်းပေါက်ကနေချောင်းကြည့်ကြပါသည်။ ကျော်နောင်က 'အီးစိုက် စိုက် ဈေ ဈေ့တဲ့ ပါးစပ်တီးလုံးလိုက်ကာ ပြောင်ပြနေသေးသည်။ ကျောင်းစောင့်ကြီး စကားသံကြားမှ ကျော်နောင် ငြိမ်သွားသည်။ ကောင်မလေးဟာ ဆွဲအ နားမကြားလေးဖြစ်တာ ဆရာကြီးတို့အသိပင်ဖြစ်ကြောင်း ဒီလိုပြုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရတာဟာ သူ့သမီးအတွက် အလွန်စိုးရိမ်စရာကောင်းကြောင်းဆိုလာ၍ အမှုက ပိုကြီးကာသွားသည်။ ဆရာ ဦးကျင်ဝှက်၏ လေထဲမှာ ကြိမ်လုံး ဝေ့သံကလည်း ကျောချမ်းစရာကောင်းလှသည်။ ထိုအချိန်မှာပင် သိန်းဦး သေးတွေထွက်ကျကာ ငိုတော့သည်။ ပြီးတော့ငိုသံကြီးနှင့် . . .

"ကျော်နောင်က အရင်စပေးတာ ဆရာကြီး . . . ဟီး"

ထိုညနေက ကျော်နောင်ရော သိန်းဦးပါ တစ်ယောက်ဆယ်ချက်စီ အိစိမ့်သွားကြသည်။ နောက်တစ်နေ့ မိဘတွေခေါ်လာကာ ဝန်ခံကတိထိုးကြရလေသည်။ ကိုးတန်းနှစ်ရောက်တော့ ကျောင်နောင့်မိဘများက သယ်န်းကျွန်း ထ(၁)ကို ပြောင်း၍ထားကြသည်။ အပေါင်းအသင်းများလို့ဖြစ်တာဟု သုံးသပ်ပါသည်။ ဂမူကွေ့ ထ.(၃)မှာ သူ၊ ထွန်းစိုး၊ လှဆောင်တို့ကျန်ခဲ့ပြီး သိန်းဦးကို သူ့အဒေါ် ဆရာမ ရှိနေသော မဂ်လာတောင်ညွန့် ထ.(၆)သို့ ပြောင်း၍ထားလိုက်သည်။

သို့သော် ပထမ အစမ်းစာမေးပွဲ မဖြေခင်မှာပင် သိန်းဦးရော၊ ကျော်နောင်ပါ ဂမူ့ကွေ့ကျောင်းသို့ ပြန်ရောက်ကာ မိဘများက တောင်းတောင်းပန်ပန်နှင့် အပ်နှံကြပါသည်။ မေးကြည့်တော့ မိန်းကလေးပြဿနာနှင့် ကျောင်းထုတ်ခံလိုက်ရသည်တဲ့။ တွေးကြည့်လျှင် အုပ်စုထဲမှာ ထို နှစ်ယောက်က အကြိုက်တူကြသည်။ တက္ကသိုလ်တက်နေစဉ်ကာလ တစ် လျှောက်လည်း ထိုနည်း နှင်နှင်ဖြစ်ကြစမြဲ တစ်ယောက်ရတာ





တစ်ယောက် မနာလို ဝင်ဖျက်၊ ဝင်နှက်ရင်း ရပြီးသား အတွဲတွေလည်း ပျက်ကာ ကျောင်းပြီးလာကြသည်။ ယခုတော့ ရပ်ကွက်ထဲက တစ်ယောက်ကိုပင် သူတင်ကိုယ်တင် လုကာနေကြသည်။

လှဆောင်က စာကြမ်းပိုး၊ ယယ်စဉ်ကတည်း သူ့လွယ်အိတ်ထဲ ကျောင်းစာအုပ်တွေနှင့်အတူ ကာတွန်းပုံပြင်တစ်ခုခုတော့ ပါလာတတ်သည်။ စာသင်ချိန်လွတ်သည်နှင့် ထုတ်ကာဖတ်တော့သည်။ အတန်းထဲမှာဖြစ်၍ ကျန်တဲ့ကျောင်းသားတွေပါ နောက်ကနေ ပြုံကာကြည့်ကြသည်။ ဆရာမ ဝင်လာလို့မြင်တော့ ကျောင်းချိန် ကာတွန်းဖတ်သည်ဆိုသောအမှုနှင့် အထုခံရသည်။ စာအုပ်အသိမ်းခံရသည်မှာလည်း ရှိတတ်သည်။ ဒါလည်းလှဆောင် ဖတ်ကားဖတ်မြဲပင်။ သူ့လွယ်အိတ်ထဲ ပါလာစမြဲပင်။

တက္ကသိုလ်ရောက်တော့ စာကြည့်တိုက်ကဒ်ကို လှဆောင် ပထမဦးဆုံးစလုပ်သည်။ နောက်တော့ သူတို့အားလုံးလုပ်ကြသည်။ လုပ်တာပဲရှိသည်။ လှဆောင်လောက်က ဘယ်သူမှ စာအုပ်မငှားဖြစ်၊ မရောက်ဖြစ်ကြပါချေ။ ယခုလည်း လှဆောင်ဆီမှာ သွားလေရာ စာအုပ်တစ်အုပ်တော့ ပါလာမြဲပင်။

ထွန်းစိုးက အစားသမား။ စားသလောက် မဝ။ သူ့ ခန္ဓာကိုယ် ပုတုကွေးသေးညှက်ကလေးနှင့် ထမင်း တစ်နေ့လေးထပ်စားပြီး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



စားလျှင် တစ်ဇလုံ အနည်းဆုံးဆိုတာ ယုံချင်ဖွယ်ရာ မရှိ၊ စားသမျှဘယ်သွားပို့ထားလည်း ဘယ်သူမှမသိ။ ဖိတ်ဖိတ်မဖိတ်ဖိတ် ရပ်ကွက်ထဲအလှူရှိလျှင် ထွန်းစိုးရောက်ပြီးသား။ အထက်တန်းကျောင်းသားဘဝက နောက်ဆုံးတစ်ချိန် အတန်းလစ်ပြေးလို့ အရိုက်ခံရတာ ထွန်းစိုးတစ်ယောက်သာ ရှိမည်ထင်ပါသည်။ မေးကြည့်တော့ ကျောင်းလွှတ်ချိန်ထိ မစောင့်နိုင် ဗိုက်ဆာသည်ဟုဆိုပါသည်။ အမြဲတန်းလစ်၊ အမြဲတန်းအရိုက်ခံရ၊ မေးတိုင်းလည်း ထိုအဖြေတစ်ခုသာရှိ၍ ဆရာမ ရိုက်ရတာအားနာလာပြီး မိဘတွေကို ခေါ်၍ပြောပါသည်။ သည်နောက်ပိုင်း မုန့်စားဆင်းချိန်ကတည်းက ထွန်းစိုးမိဘများ ထမင်းလာပို့ထား၍ ထွန်းစိုး တင်ပါးပုပ်တော့မည့်ဘေးက လွတ်ခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်သည့်နေ့က တစ်ရပ်ကွက်လုံး မနက်စာချက်မစားနိုင်ပဲ အပြိုအပျက်တွေထဲ ဗျာများနေကြသည်။ ထွန်းစိုးတို့အိမ်လည်း ခေါင်မိုးထပ်တစ်ခုလုံး ပြုတ်ကာပါသွားသည်။ ထိုမနက်က ထွန်းစိုး မနက်အဆာခံရော နေ့လည်ထမင်းပါ သူ့ဘာသာ အချိန်မှန်ချက်ပြုတ်စားပါသည်။ ဟိုးတစ်လောက ရပ်ကွက်အပြင်ဖက်က လက်ဖက်ရည်ဆိုင်မှာ သိန်းဦးတို့မိန်းကလေးကိစ္စနှင့် ရန်ဖြစ်ကာ ရိုက်ကြသည်။ ထွန်းစိုးပြေးလျှင်လွတ်သော်လည်း စားလက်စမုန့် ဟင်းခါး သုံးဇွန်းစာလောက် ကျန်နေ၍ အဲ့ဒါကို ကုန်အောင်စားနေသဖြင့် အရိုက်ခံလိုက်ရသည်။





ဟုတ်ပါပြီ သူကရော သူများအကြောင်း တစ်ဆန့်တစ်လျားတွေးပြီး ကိုယ့်အကြောင်းကိုယ်တွေးမှ အတွေးက တုံးတိပြတ်ကာ လူလည်း အူတူတူ ဖြစ်ကာသွားသည်။ သူရော ဘာကိုနှစ်သက်သနည်း၊ မိနစ်အတော်ကြာသည်အထိ ပြန်စဉ်းစားပြီး မည်မည်ရရ ဘာမှလိုချင်တာမရှိသော သူ့ကိုယ်သူတုံးလို့ပဲ သတ်မှတ်ရမလား။ အတာလား၊ တစ်ခုခုတော့တစ်ခုခုပင်။ အစားအသောက်အတွက် ဘာစားချင်သည်လို့မရှိ အမေစီစဉ်ပေးတာနှင့်ပင် တင်းတိမ်သည်။ အဝတ်အစား ဘယ်ခေတ်မှီလို့ ဘယ်သူဘာဝတ်ဝတ် အမေဝယ်ပေးတာ သူဝတ်သည်၊ ကောင်မလေးမရှိ အပျော်အပါးမရှိ ကြည့်ချင်တာမရှိ သိချင်တာမရှိ လုပ်ချင်တာလည်းမရှိ။ ကျောင်းတက် စာသင်ပြီး ကျောင်းပြီးချိန်အထိ သာမာန်လုပ်ရိုးလုပ်စဉ်တစ်ခုထက်ပိုပြီး ချဉ်ချင်းတက်တာမျိုး ဘယ်တုန်းကမှမရှိ အဖေ့အလုပ်၊ အမေ့အလုပ်ကို ကူညီလုပ်ကိုင်ပေးစဉ်ကလည်း သားတစ်ယောက်အနေနှင့်မိဘကို ကူညီရမည်ဆိုသော အသိကလွဲ၍ မရှိ။ ဘာပဲဖြစ်ဖြစ် လူဖြစ်လာလျှင် တစ်ခုခုတော့ စုံမက်တာမျိုး အဖေဆိုလျှင် လက်ဖက်ခြောက်ခါးခါးလေးခတ်ထားသော ရေနွေးကြမ်းတစ်အိုး၊ ဆေးပြင်းလိပ်တစ်လိပ်နှင့် သူ့စိုက်ခင်းထဲမှာ နေခွင့်ရမည်ဆိုလျှင် နတ်ပြည်တင်လည်းပြန်ဆင်းလာပါမည်။ အဲ့သလောက် တွယ်တာသည်။ အမေကတော့ ပါးစောင်ထဲကွမ်းငုံနိုင်လျှင် ဘဝမှာပြည့်စုံပြီဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသူ၊ နေ့လည် လက်ဖက်ရည်ချိုလေး တစ်ငုံလောက်သာရလျှင် လောကနိဗ္ဗာန် ရောက်သွားသည်။ သူကရော ဘာကိုနှစ်သက်သနည်း။

ယခုအချိန်အထိ အရာရာအားလုံးနှင့် အလိုက်အထိုက်ကလေး အသက်ရှင်နေရတာကိုပဲ နှစ်သက်တာလားဟုပင် မေးစရာ ကျန်တော့သည်။ အဲဒါလည်း ဟင့်အင်းဆိုလျှင်တော့ မင်းရူးနေပြီလို့ သာတွေးကာ လန့်သွားသည်။

လန့်ပြီး ဆက်မတွေးမိတော့မှပဲ နေသာထိုင်သာရှိလာကာ ဘယ် နှစ်ကြိမ်မြောက်ဖတ်နေမှန်းမသိသော ဂျာနယ်တစ်စောင်ကို ကောက်ကိုင် မိတော့၏။

■



## အခန်း (၄)

မနက်စာစားပြီးကတည်းက အိပ်ယာထဲ ထမင်းလုံးစီရင်းစာဖတ်ကာအိပ်ပျော်သွားခဲ့သည်။ သူနိုးလာတော့ နေ့လည်(၂)နာရီ အိမ် ရှေ့ထွက်ပြီး မျက်နှာသစ်ရင်း အိမ်ဘေးဖက်လှမ်းကြည့်လိုက်တော့ အမေမရှိ။ သူအိပ်ပျော်နေတုန်း ကွမ်းထွက်ဝယ်သလား၊ လက်ဖက်ရည် ဆိုင်သွားသလား တစ်ခုခုပဲဟုတွေးနေတုန်း အမေ ပြန်ရောက်လာပါသည်။ မျက်နှာတစ်ခုလုံးလည်း အပြုံးတွေနှင့်ပြည့်နေကာ

"ရဲဝင်း. . . နင် အလုပ်ရပြီဟဲ့. . ."

သူ ပုဆိုးဖြေ၍ မျက်နှာပေါ်ကရေတွေ ဖိသုတ်ပြီး ပုဆိုးပြန်ဝတ်လိုက်သည်။

"သား နင် အလုပ်ရပြီဟဲ့ ကုမ္ပဏီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှာ. . ."

သူ အခုမှပဲ အိပ်ယာကလန့်နိုးသလို အမေ့ကိုတွေတွေကြည့်ရင်း

"ဘယ်က ကုမ္ပဏီ လဲ သား   ဘယ်ကုမ္ပဏီမှလည်း မလျှောက်ထားဘူး"

"ချိုလေးမေတို့ကုမ္ပဏီလေကွယ် လာစမ်းပါ ဒီကို. . ."

အမေပြောနေရတာ အားမရသလို သူ့ကိုဆွဲခေါ် သွားပြီး ငါးပိ တိုးတွေဘေးက ထိုင်ခုံလေးတွေမှာ သားအမိနှစ်ယောက်ထိုင်ကြသည်။

"အမေလက်ဖက်ရည်ဆိုင် သွားရင်း ချိုလေးတို့အိမ်ရှေ့ရောက်တော့ ချိုလေးက အမေ့ကို သူ့ အိမ်ထဲခေါ်ပြီး ကော်ဖီတိုက်တယ်သားရဲ့ ချိုလေးက မေးတယ် သားကို တစ်ခြားအလုပ်နိုင်းဖို့ ဆန္ဒမရှိဘူးလား ဆိုတော့ အမေကလည်း ပြောတာပေါ့ မရှိဘဲပေါ့ သမီးရယ် ရှိရင်လုပ်စေချင်တာပေါ့ ဆိုတော့ သမီးတို့ကုမ္ပဏီမှာ လစ်လပ်နေရာရှိနေတယ် တဲ့ သူ စိတ်ဝင်စားရင် မနက်ဖြန် စာရွက်စာတမ်းအပြည့်အစုံနဲ့ ရုံးကို လာခဲ့တဲ့  ဒီမှာ ယူလာရမည့်စာရွက်စာတမ်းတွေ ရေးပေးလိုက်တယ်။ ဒါက ရုံးလိပ်စာကတ်တဲ့၊ ကဲ ငါ့သား လုပ်ပေတော့"

"အမေ မဖြစ်နိုင်ဘူးနော် ဒါ အမေ့ကိုအားနာလို့ စကားအဖြစ် ပြောလိုက်တာပဲနေမှာ ဟိုကောင် ကျော်နောင်တို့ သိန်းဦးတို့လုပ်ချင် လွန်းလို့ ပူဆာခတ်အောင် လိုက်နေတာ ခုချိန်ထိမရသေးဘူး ပြီးတော့





သူတို့ ကုမ္ပဏီက မိသားစုကုမ္ပဏီဆိုတော့ လူစိမ်းအဝင်ခံမှာ မဟုတ်ဘူး အမေရ"

"မင်းနှယ် သွားပဲသွားကြည့်ပါဦးလား အဲဒါမလုပ်ချင်ရင် ဒီ ငါးပိ တောထဲမှာပဲ မင်းတစ်သက်လုံး နေသွားမှာလား. . .။ အပိုတွေ ပြောမနေနဲ့ အခုကတည်းက စီစဉ်စရာရှိတာစီစဉ်တော့ မနက်ဖြန်သွား ဖြစ်အောင် သွား ဒါပဲ. . . ကဲ. . . ဖယ်တော့. . . ငါ ငါးပိချိန်ရဦးမယ် ဟိုဘက်ပိုင်း က အချိန်တစ်ဆယ်လာမှာထားတယ်"

ဆိုတော့လည်း အမေ့ဘေးမှ သူထကာ အိမ်ပေါ် တက်လာခဲ့ရသည်။ အိမ်ပေါ်ရောက်မှ စာရွက်ခေါက်လေးနှင့် ရုံးလိပ်စာကတ်ကို အံ့တုံ့ အံ့တုံ့စိတ်နှင့်ပင် ဖြန့်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ. . . ဘာ မင်းဘာပြောလိုက်တယ်"

"ရှဲတွေပြုတ်ထွက်လာပါဦးမယ်ကွာ၊ ရဲဝင်းအလုပ်ရသွားပြီ ချိုလေး တို့ကုမ္ပဏီမှာ၊ ကဲ ရှင်းပြီလား. . ."

ထွန်းစိုးလွှတ်အော်ပြီးမှ အထိုးခံရမှာကြောက်၍ အုတ်ခုံပေါ်မှ ကပျာကသီဆင်းကာ လှဆောင်ဘေးနားသွားကပ်နေလိုက်သည်။ ကျော်နောင် ရှူးခနဲမြည်အောင် အသက်ရှူသွင်းပြီး အုတ်ခုံကို လက်နှစ်ဖက်ဆုံထောက်ကာ ငြိမ်သွားသည်။ သိန်းဦးကတော့ အံ့ဩမှင်တက်မိသလို ပြုံးကြောင်ကြောင်ကြီးဖြစ်နေပြီးမှ. . .။

"မင်း ကြပ်ပြန်ပြီလား ထွန်းစိုး. . ."

"ဟာ ဒါတော့ အတည်ကွာ မယုံရင် လှဆောင်မေးကြည့်"





လှဆောင် စာအုပ်ပိတ်ပြီး ခါးဆန့်ပစ်လိုက်သည်။ ထို့နောက်မှ သမ်းဝေပြီး ပြောလိုက်သံနှင့် . . .

"ဟုတ်တယ်ကွ၊ ငါတောင်အံ့ဩနေတာ"

"တောက်. . . အဲ့ဒီကောင် လူလည်ကျနေတာ ကြာပြီ. . ."

"တော်ကွာ သိန်းဦး မင်းတို့ မဆိုင်တာပြောပြန်ပြီလား. . ."

"မဆိုင်ရင် ဒီလိုဖြစ်မလားကွ. . ."

လှဆောင် အုတ်ခုံပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် စာအုပ်ခါးကြားထိုး၍. . .

"တံငါလုပ်ပြီး ငါးပွက်ရာ ငါးစာချတဲ့ကောင်တွေ ရပ်ကွက်ထဲမှာ ချိုလေးမေမှ မိန်းမပဲလား တစ်နေ့က ငါတို့အနောက်လမ်းထဲ ပြောင်းလာတဲ့တစ်ယောက်ကမှ ချိုလေးမေထက် အပုံကြီးသာတယ်ကွ မှတ်ထား"

"ဟင်. . ."

"ဟမ်. . ."

သိန်းဦးနှင့်ကျော်နောင်တို့ အာရုံပြောင်းသွားပုံက ဓါတ်ပုံရိုက်ထားပြီးတိုက်ကြည့်လျှင်တောင် အသေခံပြီးငြင်းရသလိုဖြစ်သွားသည်။

"မင်း ကြပ်နေတာလား လှဆောင်. . ."

"ငါကြပ်တိုင်း မင်းတို့ယုံရအောင် ရူးနေလား. . . ငါကရော



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကို ပါးစပ်အားအားယားယား ပြောမလားကွာ ထားပါ မင်းတို့ သိပ် စိတ်မဝင်စားပါဘူး. . ."

ပြောပြီး ခါးကြားထဲက စာအုပ်ပြန်ဆွဲထုတ်မည်အပြု လှဆောင် ဆီ ပြေးလာကြကာ. . .။

"စိတ်ဝင်စားတယ်ကွာ နာမည်ကဘယ်သူတဲ့လဲ မင်းတို့နောက် လမ်းထဲက ဘယ်အိမ်လဲ. . ."

"ကျော်မင်းတို့ခြံထဲက အိမ်ငှားတင်တဲ့ တိုက်ပုလေးကိုပြောင်း လာတာ သူ့နာမည်က မူတဲ တဲ့ သူ့အမေကအဲသလို ခေါ်တယ်လို့ ကျော် မင်းပြောတာပဲ ကျော်မင်းတောင် စိတ်ဝင်စားချင်တဲ့ပုံပဲကွ. . ."

"နာမည်ကြီးကလည်း. . ."

"ဟ တိုင်းရင်းသားတွေဖြစ်ချင်ဖြစ်မှာပေါ့ကွ ဥပမာ နော်မူတဲ တို့ ဘာတို့ဖြစ်နိုင်တာပဲ"

"အေးနော်. . ."

သိန်းဦး အပြုံးကြီးပြုံးသွားပြီး. . .။

"အဟတ်ဟတ် ကျော်မင်းက ဆယ်ဆန်းနှစ်တုန်းက ငါ့ ဆီက ပိုက်ဆံချေးပြီး ပြန်မဆပ်ထားတဲ့ကောင်ဆိုတော့ ငါ သွားလည်ရင် ဒီကောင် ငြင်းမခံဘဲမနေရဲဘူး အိုခေ. . ."

သိန်းဦး ချာခနဲလှည့်ထွက်သွားကို ကြည့်ပြီးကျော်နောင်





က. . .

"ကျော်မင်းနဲ့ မင်းခင်လား လှဆောင်"

"ခင်တာပေါ့ကွ ဒီကောင် ငါ့ဆီက စာအုပ်ငှားငှားဖတ်နေတဲ့ ကောင်ပဲ မနေ့ညကတောင် တစ်အုပ်လာငှားသွားသေးတယ်"

ကျော်နောင် လက်ဖျောက်တစ်ချက်တီးကာ ချာခနဲလှည့်ထွက် သွားလေ၏။ သိန်းဦးရော ကျော်နောင်ပါထွက်သွားမှ လှဆောင် စာအုပ် ထုတ်ယူပြီး အုတ်ခုံမှာ ပြန်ဝင်ပါသည်။ ထိုအခါမှပင် ထွန်းစိုးက မေးလေသည်။

"မင်းပြောတာ အမှန်အကန်လား လှဆောင်"

"ဘာလဲ မင်းရော စိတ်ဝင်စားလို့လား. . ."

"မဟုတ်ပါဘူး ချိုလေးထက်သာတယ်ဆိုလို့ သိချင်တာလေဟ"

"သာတာတော့အမှန်ပဲကွ ချိုလေးက ပိန်ပိန်သွယ်သွယ် မော်ဒယ်လေး ဟို မူတဲက ဝဝတုတ်တုတ် မွတ်တားကြီးကွ. . ."

"ဟာ. . ."

"ချိုလေးက မြန်မာပြည်မှာပဲတွဲ့ရတာ. . ."

"မူတဲကြီးက မကာမှာ ဟာဂျီဘွဲ့တောင် သွားယူထားတာ"

"ဟင်. . ."

"ပြီးတော့ ချိုလေးက မိန်းမ မူတဲကြီးက ယောက်ျား"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . ."

"မှုတဲ့ဆိုတာ တော်တော်မည်းလို့ မည်းတူ မှုတဲ့လို့ပြောတာ နာမည်ရင်းတော့ ငါမသိဘူး လူပျိုကြီးဆိုတာသေချာတယ်"

"ဟော့. . . ဟော့ကောင် မင်းတော့ ပြဿနာတက်တော့မယ် လှဆောင်"

"တက်စရာလားကွ ငါပြောတာအားလုံးချိုလေးထက်သာတာတွေချည်းပဲ ယောကျ်ားလား မိန်းမလားလို့ သူတို့မမေးတာ သူတို့ကိစ္စလေ အဲဒါ လာပြဿနာလုပ်လို့ကတော့ ရိုက်လွှတ်မှာပေါ့ကွ. . ."

ပြောပြီးလှဆောင်က သူ့စာအုပ်ကို အေးအေးလူလူ ဖွင့်ကာ ဖတ်လေသည်။ ထွန်းစိုးက ပူပူလောင်လောင်မျက်နှာနှင့် ခေါင်းတွေ ကုတ် နားရွက်တွေပွတ်ကာငြိမ်သွားသည်။

●



မြို့တော်တာဝါတစ်ခု၏ တတိယထပ်တစ်ထပ်လုံးအား ရုံးခန်းဖွင့်လှစ်ထားသဖြင့် ကျယ်၍ ရှင်းကာ သပ်ရပ်သည်။ အဲကွန်းများ တပ်ဆင်ထား၍ နွေရာသီအား ထိုရုံးအဆောက်အဦးခန်းက ကောင်းစွာ အံတုနိုင်ခဲ့သည်။ သူမြင်ရသလောက် မိန်းကလေးဝန်ထမ်းတွေချည်းပဲရှိနေကာ အားလုံးသင့်တင့်သော အလှတရားများ ပိုင်ဆိုင်ထားကြသဖြင့် သူ ဒီမှာ အလုပ်လုပ်ရမှာကိုတောင် တွန့်ရွံ့နေလေသည် သို့သော် ထိုသင့်တင့်သော အလှပိုင်ရှင်များထဲမှာ ချိုလေးမေ၏အလှက ထူးခြားစွာပေါ်လွင်နေတာကိုတော့ သူဝန်ခံရပေမည်။ သူ ဒီနေရာကိုရောက်နေသည်မှာ တစ်နာရီ စွန်းစွန်းရှိရော့မည်။ ဒါရိုက်တာ ရုံးခန်းထဲဝင်သွားသော ချိုလေးမေ ပြန်ထွက်အလာကို အားကိုးတကြီးမျှော်လင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကား မှန်လေ၏။ ကုမ္ပဏီရုံးတစ်ရုံးလုံးမှာ သူ့ရင်းနှီးသူဟူ၍ ချိုလေးမေ တစ်ယောက်သာရှိ၍ ဖြစ်ပါသည်။ အလုပ်အဆင်ပြေတာ မပြေတာ ပြဿနာမရှိ။ ဒီနေရာရောက်လာခြင်းဟာလည်း အမေ့စိတ် တစ်ခုတည်းနှင့်ဖြစ်၍ ဒီမှာဖြစ်ပေါ်သည့်အခြေအနေအား အမေ့စိတ် နှင့်အတူ အမေ့ဆီ ပြန်ပြောပြယုံပင်။

လောလောဆယ် ဆယ်ယောက်ထက်မပိုသော အသင့်အတင့် အလုပ်တို့အုပ်စု၏မျက်လုံးများက သူ့ထံပို့လွှတ်ကာ တစ်ချို့ မချိုမချဉ် တစ်ချို့က တီးတိုးသဖန်းပိုး၊ တစ်ချို့ ပြုံတီတီ တစ်ဦးတစ်လေတော့ မဲ့တွန့် ကာ ကြည့်ပါသည်။

မည်သို့ဆိုစေ သူ အနေကြပ်လှသည်။ ချိုလေးမေ ဒီလောက် မကြာသင့်ဟုလည်း ပြစ်တင်စိတ်ဖြစ်မိသည်။ ဒါရိုက်တာက သူမ ဖခင် ဦးဒီပါ မန်နေဂျာက ချိုလေးမေ။ ဝန်ထမ်းတစ်ယောက်အလုပ် ခန့်ဖို့ကိစ္စ သားအဖနှစ်ယောက် ဤမျှကြာအောင် မဆွေးနွေးသင့်ဟု သူထင်သည်။ အထင်နှင့်အမြင် လွဲမလွဲကတော့ ရုံးခန်းတံခါးအတွင်း ဖက်ကို ကျော်ကြည့်မှပဲသိတော့မည်။

●





"သမီးဆိုဒ်ဘက်က လိုအပ်ချက်လေ ဖေဖေ ဒီဆေးပင်တွေ စိုက်ပျိုးထိန်းသိမ်းဖို့ ကျွမ်းကျင်လုပ်သားတွေရှိပေမယ့် အုပ်ချုပ် ဦး ဆောင်ပေးမယ့်သူ လိုအပ်နေတယ် ဖေဖေ သမီးတာဝန်မှန်ပေမယ့် ဈေးကွက်နဲ့ စက်ရုံကို တွဲဝင်နေရတော့ စိုက်ခြံဘက်မှာ လစ်လပ်မှုရှိနေ တယ်၊ ပြီးတော့ စိုက်ခြံရဲ့ဝန်ထမ်းအများစုက ယောကျ်ားတွေ၊ ယောကျ်ား ချင်း ဦးဆောင်အုပ်ချုပ်တာက ပိုပြီး သင့်တော်မယ်ထင်လို့ပါ"

"ဟုတ်ပြီလေ အဲဒီဝန်ထမ်းက ဘာကြောင့် ဒီချာတိတ် ဖြစ် နေရတာလဲ. . ."

သူမ မျက်နှာ ဖြန်းခနဲနွေးပူသွားမှုကို သူမဘာသာ ပိပိရိရိဖုံး ကာ ဖျောက်ဖျက်လျက်. . .

"သူ့ရဲ့ အလုပ်သဘောဆောင်မှုကို သဘောကျတယ်. . ."

"ဖေဖေတို့ကုမ္ပဏီက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဆိုတာတို့ သမီးတွေးသင့်တယ် လုပ်ငန်းလိုအပ်ချက် အစကနေ အဆုံးအထိ အလုပ်သဘောနဲ့ စေတနာကိုဆတူရောလုပ်နိုင်ပါမှ အရှည်သဖြင့် အောင်မြင်မယ် အလုပ်သဘော တစ်ခုတည်းဆိုရင် ဖေဖေ ကန့်ကွက် တယ်. . ."

"မှန်ပါတယ် အလုပ်တစ်ခုကို သေချာသပ်ရပ်တဲ့ပြီးမြောက်မှုတို ကြည့်လိုက်တာနဲ့ စေတနာပါတယ်မပါဘူးဆိုတာ သိသာပါတယ်ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



သမီးအဲ့သလောက်မညံ့ပါဘူး နောက်တစ်ခုက ဒီနေ့အချိန်ထိ သမီးဘဝမှာ ပိုလျှံသွားတဲ့စကားရယ်လို့မရှိခဲ့ဘူး၊ ပိုမယ်ထင်ရင်မပြောဘူး ပြောပြီးရင်လည်း မပျက်ခဲ့ဘူး ရဲဝင်းရဲ့မိခင်ကို သမီးကတိပေးသလိုဖြစ်သွားတယ်၊ ရဲဝင်းကို ဒီမှာအလုပ်သွင်းပေးမယ်လို့ပါ”

ဖခင်ဖြစ်သူ ပြုံးကာကြည့်လေသည်။ ကုမ္ပဏီမှာ အလုပ်စဝင်ပါပြီဆိုကတည်းက သမီးဖြစ်သူ၏ အရည်အချင်းအား ဦးဒီပါ သတိထားမိခဲ့သည်။ တစ်နှစ်အတွင်း မန်နေဂျာရာထူးကို လွှဲပြောင်းယူနိုင်သော ချိုလေးမေ၏ စီမံမှုကို သူ မငြင်းနိုင်တာသေချာသည်။ သို့သော် ဒါက အလုပ်၊ အလုပ်ခွင် ဟိုဘက်မှာတော့ ချစ်မဝနိုင်သော သမီးအလှလေး၏ ဖခင်အရင်းကြီးဖြစ်နေသည်။ ဒီလို သမီးမျိုးကို ဘယ်လိုပေါက်လွှတ်ပဲစားလက်ထဲကိုမှ ဝကွက်အအပ်မခံနိုင်ခြင်းက ဖခင်စိတ်ဆိုတာ ချစ်သမီးချိုလေးမေ သိမှသိပါလေစ။ အလုပ်သဘောထဲမှာ အဖေ့သဘောတွေရောနေတယ်ဆိုတာရော အကဲခတ်မိပါလေစ။ တစ်ကယ်ဆို လုပ်ငန်းလိုအပ်ချက်အား လစဉ် ပုံမှန်အစည်းအဝေးမှာ သူမ တင်ပြလာရမည်။

လုပ်ထုံးလုပ်နည်းအရ ဝန်ထမ်းရေးရာကို တာဝန်ပေးရမည်။ လျှောက်ထားလာသော ဝန်ထမ်းသစ်ရွေးချယ်ချိန်ကျမှ သူမ စိတ်တိုင်းကျ ရွေးချယ်တာမျိုးဆို ဦးဒီပါ ငြင်းစရာမလို။ ခုတော့ တိုက်ရိုက်ရွေးချယ်ခန့် အပ်ခြင်းကိုတောင် ရုတ်တရက်ကြီး။ ရပ်ကွက်ထဲကဆို





ပေမယ့် ဒီကောင်လေးကို ဦးဒီပါ မရင်းနှီး။ မသိ။

ချိုလေးမေကတော့ သိချင်သိလိမ့်မည်။ သူတို့သားအဖကြားမှာ သာမာန် မိဘနှင့်သားသမီးတို့ ထိန်းညှိပုံမျိုးမရှိ၍လည်း ထိုကိစ္စအတွက် ဦးဒီပါ ပူပန်စိတ်ဖြစ်နေမိခြင်းဖြစ်သည်။

သူတို့သားအဖတွေဆီမှာ အပြန်အလှန် ခိုင်မာသော ယုံကြည်မှုကလွဲ၍ ဘယ်လို အကွပ်အညှပ် အတားအဆီးမှမရှိ။ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိသည်။ သမီးမိန်းကလေးမို့လို့ ဟိုမသွားရ ဒီမလာရအချိန်ကာလကအစ သူ ဘယ်သောအခါမှ မကန့်သတ်၊ ဇနီးသည်ကလည်း ထိုနည်းတူ။ လူ့ဟာ အသက်ကြီးလာသည်နှင့်အမျှ အသိကြီးရမည်။ အတန်းပညာ အတတ်ပညာအားလုံးတတ်၍ တက်ရမည်၊ မတတ်ဘဲနှင့် မတက်ရ။ ထိုဒဿနနှင့်ကြီးပြင်းလာ၍ ချိုလေးမေကိုယုံခဲ့သည်။ လွတ်လပ်စေခဲ့သည်။ ယခုအချိန်မတိုင်မီကာလအထိ သမီးအတွက် ရတက်မအေးစရာ ဘာမှမရှိခဲ့။ ယခုမူ ဦးဒီပါ အံ့အားသင့်သွားသည်။ အသိတရားနှင့် ဝေဖန်ပိုင်းခြားမှုစံက သမီးမှာ ပြည့်စုံသည်၊ သို့သော် လူငယ်တို့သဘာဝ၊ ပြီးတော့ နှလုံးသားနှင့် ဆုံးဖြတ်ရသော အချစ်၊ ရင်ခုန်တာတွေ၊ တကယ်ဆိုအချစ်ပဲလိုတာတွေ။

ဦးဒီပါတွေးလေ နက်လေ၊ စဉ်းစားလေ ရှင်းမသွားလေဖြစ်ပြီး သမီးဖြစ်သူ၏ မျက်ဝန်းအစုံကို စေ့စေ့ကြည့်လိုက်သည်။ ဖြတ်သား



www.burmeseclassic.com

www.burmeseclassic.com



တတ်၊ ရဲရင့်တတ်၊ ဆုံးဖြတ်ချက်မှန်တတ်၊ မြန်တတ်၊ ကြံ့ခိုင်တွေးတော မှု စေ့စပ်တတ်၊ အင်မတန် ယောက်ျားဆန်တဲ့မိန်းကလေး၊ ဒါပေမယ့် လည်း ဓါးကိုင်ပြီး တိုက်ပွဲဝင်နိုင်တဲ့ ပန်ထွာဘုရင်မတောင် ဒွတ္တပေါင် မင်းရဲ့ လှည့်ဖြားမှုအောက် တိမ်းမူးခဲ့ရတော့ ဒီမိန်းကလေးက ဘာတဲ့ တုံး။

"အိုခေ. . . သမီး. . . ဖေဖေ သူနဲ့ စကားပြောမယ်၊ အခုရောက် နေလား"

"ဟုတ်. . . အပြင်မှာရှိပါတယ်"

"ခေါ်လိုက်ပါ. . . သမီး အပြင်မှာခဏနေပေးပါ"

သူမ မျက်နှာလေးလင်းသွားတာကိုကြည့်ပြီး ဦးဒီပါ ပင့်သက်မသိ မသာ ရှိုက်ချလိုက်ရသည်။



အခန်းထဲမှာ ထိုင်ခွင့်ပေးပြီးကတည်းက စကားတစ်ခွန်းမှမပြော ဘဲ တည်တည်ကြီးစိုက်ကြည့်နေသော ဦးဒီပါကို ရဲဝင်း စိတ်ပျက်နေမိ သည်။

တစ်မိနစ်. . .၊ နှစ်မိနစ်. . .၊ သုံးမိနစ် သူ့စိတ်ထဲက ရေတွက် နေသော မိနစ်များ ကုန်ဆုံးသွားသည်နှင့်အမျှ စိတ်ထဲ အချဉ်ပေါက် လာကာ . . .။

"ဘယ့်နှယ့်လဲ. . . . အန်ကယ်. . . ကျွန်တော်. . . အတော် ခန့် ငြားတယ်မဟုတ်လား. . ."

"ဟေ. . ."

"အမေကတော့ပြောပါတယ်၊ လောကမှာ ငါ့သားရဲ့ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ပီသမှုက ပြိုင်ဘက်ကင်းပဲတဲ့၊ ဒီလောက်ဆို အန်ကယ် ကျေနပ်နိုင်ပါပြီ၊ ကဲ. . . အန်ကယ်မေးချင်တာရှိရင် အမိန့်ရှိပါ"

"ဘာကွ. . ."

ဦးဒီပါ ဝုန်းခနဲထရပ်ပြီး သူ့ကို ကုန်းခနဲ ငုံ့ကြည့်ပစ်လိုက်သည်။

သို့သော် သူ ယိုင်မသွား၊ ပြုံးကာ ပြန်ကြည့်လျက် . . .

"ကျွန်တော် အလုပ်လာလျှောက်တာပါ၊ မင်းသား အရွေးခံဖို့လာတာမဟုတ်ပါဘူး၊ ကျေးဇူးပြုပြီး အလုပ်ကိစ္စကို အမိန့်ရှိပါ"

"ဘာ. . . မင်းလိုကောင်မျိုး မခန့်ဘူးကွ၊ ရှင်းလား"

"ဟုတ်ကဲ့. . . ခုလို ရှင်းလင်းစွာသိရတာ ကျေနပ်ပါတယ် အန်ကယ်၊ ဒါပေမယ့် ဆေးဝါးကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာတစ်ယောက်က ဒီလို ဘာမဟုတ်တဲ့ကိစ္စလေးတောင် မတည်မကြည်ရှိနေရင် သူ ဦးစီးထုတ်လုပ်တဲ့ ဆေးဝါးတွေ ဘယ်လောက်မသေချာလိုက်မလဲလို့ တွက်ဆလို့ရသွားပါတယ်၊ ခွင့်ပြုပါဦးခင်ဗျာ"

"ဟေ့ကောင်. . . မင်း. . ထိုင်ဦး"

"ဟုတ်ကဲ့. . ."

ဦးဒီပါ ရှုံ့ရှုံ့ရှဲ့ရှဲ့သထွက်အောင်ကို အသက်ရှူကာ ပြန်ထိုင်လိုက်ပြီး . . .

"ငါ့သမီးနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"





"ဘယ်လိုမှကို မပတ်သက်ပါဘူးခင်ဗျာ"

"ဘယ်လောက်ရင်းနှီးလည်း မေးနေတာကွ"

"ပြောပြနိုင်စရာမရှိလောက်အောင် မရင်းနှီးတာပါခင်ဗျ"

"ယောကျ်ားနော်. . . မင်း"

"ဟုတ်ကဲ့. . . အခန့်အငြားကြီးပါခင်ဗျာ. . ."

"တောက်. . . မင်းရဲ့ပဲန်ပန်ကိုပြင်စမ်း၊ ဒီကုမ္ပဏီမှာ ငါ အကြီးဆုံးပဲဟေ့"

"ဒါဆို ကျွန်တော်က အသေးဆုံးဖြစ်မှာပါ၊ ဒါလည်း လောကသီအိုရီအရ တစ်တန်းတစ်စားတည်းပါပဲ၊ ဘာကြောင့်လည်းဆိုတော့ အန်ကယ်မကြီးတော့ရင် ကျွန်တော်လည်း မသေးတော့ပါဘူး၊ အန်ကယ်ကြီးနေသမျှ ကျွန်တော် သေးနေရမယ့်အတူတူဟာဖြင့် ဒီစားပွဲကြီးလို ဖာလယ်အလတ်ကျကျ ပြောဆို ညှိနှိုင်းကြတာ အကောင်းဆုံးပါ အန်ကယ်"

"မင်း. . . တောက်. . . ငါ. . . တယ်လေ. . ."

"ဟုတ်ကဲ့. . . တွေ့ဆုံပွဲလေး ကျင်းပလိုက်မယ်ဆိုရင် တရုတ်အတွေးအခေါ်ပညာရှင်ကြီး တောက်တက်ကျင်း အမှတ်တရဖြစ်သွားနိုင်ပါတယ်"

"ဟေ့ကောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ. . . ကျွန်တော်ရဲဝင်းပါ"

"မင်း ဘာကောင်ဖြစ်ဖြစ် မင်းထွက်သွား"

ရဲဝင်း အရိုအသေပြုပြီး အခန်းထဲ ထွက်သွားမှ ဦးဒီပါ ရှက်ဒေါသတွေနှင့် စို့ပြန်လာသော ချွေးတွေကို လက်ကိုင်ပုဝါနှင့်သုတ်ချပစ်လိုက်သည်။

"ဟူး. . . ဒါကြောင့် ငါ့သမီးက ဒီလို ဘောက်မသားမျိုး အလုပ်ခန့်ချင်တာ၊ တောက်. . တွေ့မယ်"

"အဆင်ပြေရဲ့လား ဖေဖေ"

"အေး. . . ပြေတယ်. . . သမီး သူ့ကို အလုပ်ခန့်လိုက်ပါ"

"အဲ့သလိုလုပ်ပါ ဖေဖေရယ်၊ သမီးဖြင့် အဆင်မှပြေပါ့မလားလို့"

"ဒါပေမယ့် သူ့ကို ဖေဖေ့ရုံးခန်းမှာထားမယ်"

"ဟင်. . ."

"သမီး စိုက်ခင်းတာဝန်ခံအတွက် ဖေဖေ့အကူ မောင်သိန်းကို ထားပေးမယ်၊ မောင်သိန်းက လူဟောင်းလူယုံတပည့်၊ စိုက်ခင်းက ဝန်ထမ်းတွေနဲ့လည်း ရင်းနှီးတယ်၊ ကျွမ်းကျင်တဲ့စိုက်ခင်းဝန်ထမ်းတွေအတွက် လိုအပ်နေတာ အုပ်ချုပ်မှုအပိုင်းပဲ၊ ဒီလောက်တော့ မောင်သိန်းလုပ်နိုင်တယ်"

"ဖေဖေ. . ."





"အခု ဖေဖေပြောနေတာ သမီးရဲ့ နှုတ်ထွက်စကား မတည်ကြည်စရာမရှိဘူး မဟုတ်လား"

ဖခင်ရုံးခန်းထဲက အလိုမပြည့်မှုတွေနှင့် ထွက်လာသော ချိုလေးမေကို သူလှမ်းကြည့်ပြီး ပျော်သွားသည်။ ဒီလိုကောင်မျိုးကို ရုံးပေါ်ကနေ မြန်မြန်မောင်းချပစ်စမ်းဆိုသော စကားအပြင် အခြားမရှိ၍ သူ့အိမ်ပြန်ရတော့မည်ဟုတွေးကာ ထရပ်လိုက်သည်။

"ရှင့်ကို ဖေဖေ အလုပ်ခန့်လိုက်ပြီ"

"ဗျာ. . ."

"မဟုတ်မှလွဲရော အမြင်ကတ်လို့ အလုပ်ခန့်လိုက်တာပဲဖြစ်ရမယ်၊ သူ့ရုံးခန်းအကူတာဝန်နဲ့လေ"

"ဟမ်. . ."

"လာ. . . ကျွန်မတို့အောက်ဆင်းကြမယ်"

အူကြောင်ကြားဖြစ်သွားသောစိတ်နှင့်မို့ သူ ဘာမှမပြောနိုင်၊ မမေးနိုင်ဘဲ သူမအားမှ အိပ်မက်ယောင်သလို လိုက်ပါလာခဲ့သည်။ ဘယ်လိုတွေးတွေး ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်နေ၍ မြေညီထပ် ကော်ဖီဘားသို့ရောက်သည်အထိ စိတ်နှင့်ကိုယ်နှင့် အတော်ဝေးကာနေလေသည်။

ထိုင်ခုံစားပွဲ ရွေးချယ်ထိုင်ခြင်း၊ ကော်ဖီမှာပေးခြင်းအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သူမဘာသာ လုပ်ဆောင်နေမှုအပေါ် သတိကင်းမဲ့နေသူတစ်ယောက်လို သူ ငေးကာနေမိစဉ် . . .

"ရှင့်ကို ဖေဖေ ဘာတွေမေးလဲ"

သူ မချွင်းမချန်ပြောပြလိုက်ပါသည်။ သို့သော် သူ့ရင်ဘတ်ထဲက ထွက်လာသည့်အသံက သူ၏ အကြားအာရုံထဲမှာ မပီသချင်။

"ရှင်. . . ဘာဖြေလိုက်လဲ"

ဒီမေးခွန်းကို သူ သေချာကြားလိုက်သလိုရှိသွားသည်။ ကော်ဖီ ရောက်လာသဖြင့် တစ်ငုံယူသောက်သည်။ ဇွန်းနှင့်မမွှေဘဲ ဒီအတိုင်း သောက်မိ၍ ကော်ဖီကျကျ ဝမ်းထဲရောက်သွားကာ မျက်လုံးတွေလည်း အလင်းကျကျ လင်းလာပါသည်။ ထို့နောက်တော့ ဒီလိုဗျာဟု စကားနိဒါန်း စ၍ အဆုံးအထိ ပြောပြလိုက်တော့၏။

"ရှင်က ကျွန်မထင်တာ မမှားဘူးပဲ"

"ဟုတ်လား. . . ငါးပိနံ့ထွက်နေလို့လား"

"အဟင်းဟင်း နောက်နေတာမဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုရတော့ ကိုယ့်မိဘကို ကိုယ့် လုပ်အားခနဲ့ ကျွေးမွေးပြုနိုင်တဲ့သားတစ်ယောက် ဖြစ်သွားတာပေါ့"

"အင်း. . . ဒါတော့ လက်ခံပါတယ်"

"ရှင်. . . ပျော်လား"





"မပျော်ဘူးဗျ"

"ဟင်. . . ဘာလို့လဲ"

"အန်ကယ် ကျွန်တော့်ကို သူ့အခန်းထဲထည့်ပြီး ဖွတ်တော့မယ်"

"အဟိဟိ. . . အခစ်ခစ်. . . ဖေဖေက သဘောကောင်းပါတယ်၊ ရှင် နည်းနည်း စိတ်ရှည်ပေးရင် အဆင်ပြေမှာပါ"

"အဲ့သလိုပဲ မျှော်လင့်ရတော့မှာပဲ. . ."

●

"ဘယ်မှာတွေ့ခဲ့လဲ မောင်သိန်း"

"မြေညီထပ်က ကော်ဖီဘားမှာပါဆရာ၊ သူတို့ကြည့်ရတာ အတော် ရင်းနှီးတဲ့ပုံစံပါပဲ"

"တောက်. . . ငါသိတယ်. . . ဟင်း. . . အေး. . . ရပြီ၊ ဒါပဲ"

မောင်သိန်း အခန်းထဲထွက်သွားမှ ဦးဒီပါ စဉ်းစားသည်။

ဒီကုမ္ပဏီမှာ တစ်လပြည့်အောင်တောင် မနေနိုင်သောနည်းက ဘယ်လိုနည်းလမ်းမျိုးက အကောင်းဆုံးဖြစ်မည်နည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆယ်ရက်လောက် အုတ်ခုံထွက်မထိုင်ဘဲ ပျောက်နေသော သူ့ကို မြင်သည်နှင့် လှဆောင်က ဦးစွာနှုတ်ဆက်သည်။

"ဟ. . . ပေါ်တော်မူ. . ."

ပြီးတော့ ထွန်းစိုး. . .။

"အလုပ်နဲ့အကိုင်နဲ့ကောင်ဆိုတော့ ဒီည လက်ဖက်ရည်တိုက်ဖို့သာ ပြင်ထား"

"အလုပ်က ဒီနေ့မှ စဆင်းရတာကွ၊ ဒူးနဲ့တိုက်မှုပဲရမယ်"

သူ ခပ်ညည်းညည်းလေးပြောကာ အုတ်ခုံပေါ်တက်အထိုင် သိန်းဦးက . . .

"မင်း ဘယ်လိုလုပ် အဆင်ပြေသွားတာလဲ ရဲဝင်း"





"ငါလည်းမသိဘူး သိန်းဦး၊ အမေ သူ့ဘာသာ ချိုလေးနဲ့ စကားစပ်မိရင်း လုပ်ဖြစ်သွားတာပဲ၊ ကျော်နောင်ရော မရဘူးလား"

"ဟာကွာ. . . လှဆောင်က ကိုရီးယားဘာသာနဲ့ ဝင်ကြပ်တော့ ငါက အဟုတ်မှတ်ပြီး ဦးလေးကို Cancel လုပ်နိုင်းလိုက်တာ၊ ပြီးပါလေရောလား. . ."

"တစ်ခုတော့ ငါကူညီနိုင်တယ်"

"အင်း. . . လုပ်ပါဦးကွ"

ဦးသိန်းနှင့် ကျော်နောင်တို့ ခေါင်းထောင်လာကြသည်။

"လက်ရှိ ငါအလုပ်ဝင်ရမှာက ဒါရိုက်တာရုံးခန်းမှာဆိုတော့ လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းသစ်ခေါ်ရင် ငါ သေချာပေါက်သိမှာပဲ၊ အဲဒီအခါကျရင် ငါပြောမယ်၊ မင်းတို့ လျှောက်ကြကွာ"

"ဟာ. . . ငါတို့ အဲ့သလောက်အထိ မစောင့်နိုင်ဘူးကွာ"

"မစောင့်နိုင်လည်း ငါလည်း မတတ်နိုင်ဘူး"

"အေးပါ. . . မင်း ကံကောင်းပါတယ်"

"ဒါပဲလေကွာ၊ စိတ်ကောင်းထားလျှင် ကံကောင်းသည်တဲ့၊ မင်းတို့လည်း စိတ်ကောင်းထားပေါ့ကွာ၊ ကံကောင်းလာမှာပေါ့"

သိန်းဦးတို့ လှဆောင်ကို ချိုကြည့်ကြည့်ကာ အုတ်ခုံမှ ဆင်းကြသည်။ ထို့နောက် ရပ်ကွက်ထဲ နှစ်ယောက် ပခုံးဖက်ကာ ဝင်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဒါကို ရဲဝင်း အံ့ဩနေကာ . . .

"ဒီကောင်တွေ ပြောင်းလဲနေပါလား၊ ခါတိုင်းဆို ရန်ချည်းပဲ ခွ လုပ်နေတာ"

ထိုအခါ ထွန်းစိုးက . . .

"ပြောင်းတယ်၊ ဒီကောင်တွေ ညနေတိုင်း အရက်ဆိုင်ရောက်နေပြီ။ နောက်တစ်ခုပြောင်းတာက ဒီကောင့်လက်ချက်လေ"

ထွန်းစိုးက လှဆောင်ဘက်မေးငေါ့ပြသဖြင့် လှဆောင် ခိခနဲ တစ်ချက်ရယ်ကာ စာအုပ်ပိတ်လိုက်သည်။ ပြီးမှ . . .

"မင်းရော. . . စိတ်ဝင်စားမလားမသိဘူး၊ ငါတို့နောက်လမ်းထဲ ပြောင်းလာတဲ့တစ်ယောက်က ချိုလေးမေထက် အပုံကြီးသာတဲ့တစ်ယောက်ကွ"

"သူ့ဘာသာ ဘယ်လောက်သာသာ ငါ စိတ်မဝင်စားဘူး"

"အေး. . . စိတ်ဝင်စားတဲ့ကောင်တွေကတော့ နောင်ကျဉ်သွားတယ်"

"ဟုတ်လား. . . ဘယ်လိုကြောင့်လဲ. . ."

သူ့အမေးကို ထွန်းစိုးက ဖြတ်၍ ပြောပါသည်။

"ဟိုကောင်နှစ်ကောင်လေကွာ၊ ချိုလေးမေအတွက် မင်းကိုပါ ရော





ပြီး ပေါက်ကွဲနေလို့ လှဆောင်က အဲ့ဒီ အပုံကြီးသာတဲ့အကြောင်းလည်း ပြောလိုက်ရော ချက်ချင်း မူတဲမှမူတဲဖြစ်ကုန်ပြီး အာရုံကျသွားတာ"

"ဘာလဲကွ. . . မူတဲ"

ထို့နောက် ထွန်းစိုးကပင် ဆက်၍ရှင်းပြသည်။

"အဲ့ဒါနဲ့ လှဆောင်လည်း ကြပ်မယ့်ကြပ်၊ အရစ်ကုန်အောင်ကြပ်မယ်ဆိုပြီး ကျော်မင်းနဲ့ညှိလိုက်တယ်။ ဟိုကောင်တွေလည်း မူတဲလေးနဲ့နီးရရေးအတွက် ကျော်မင်းကို ခွပေါင်းနေတော့ ကျော်မင်းကလည်း ဝိုင်းကြပ်ပေးတယ်။ တစ်ရက်မူတဲနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး မြို့ထဲက စားသောက်ဆိုင်တစ်ခုမှာ ချိန်းပေးလိုက်တယ်။ ဒီကနေ နှစ်ကောင်သား အလန်းစား အလန်စားတွေချည်းဖြစ်ပြီး ချီတက်သွားတာ။ ဟိုရောက်မှ မူတဲလေးက မည်းတူမွတ်တားကြီးဖြစ်နေလို့ လန့်ပြီး ပြန်ပြေးလာကြတာ။ လှဆောင်ကိုလည်း ရိုက်မယ်ချည်းလုပ်တော့တာပဲ။ ငါက ကြားဝင်ပြီး ယောကျ်ားလား မိန်းမလား မစုံစမ်း မင်းတို့ဘာသာ စွတ်မေးတာ ဘယ်သူမှားသလဲဆိုတော့မှ ရှက်ရှက်နဲ့ အရက်ချည်းခွသောက်ပြီး ငြိမ်သွားတာကွ"

သူ ရယ်ချင်သော်လည်း သိန်းဦးတို့အတွက် စိတ်မကောင်းဖြစ်တာ ရယ်လို့မရ။ ဒီကောင်တွေ ဒီအတိုင်းသွားလျှင် ပျက်စီးတော့မည်ဟု လည်း တွေးမိသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီကောင်နှစ်ကောင်အတွက် တစ်ခုခုလုပ်သင့်တယ်"

လှဆောင် စာအုပ်ပိတ်ကာ လှည့်ကြည့်ပြီး . . .

"အဲ့ဒါ မွေးသန္တေကွ၊ သေမှပျောက်တဲ့ရောဂါကွ၊ ငါတို့က ဘာလုပ်လို့ရမှာလဲ"

"ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတစ်ယောက်အနေနဲ့ တတ်နိုင်သလောက် ဝတ္တရားရှိတယ်လို့ မခံစားရဘူးလား၊ တစ်ပိုင်းက ပြန်တွက်ကြည့်ရင်လည်း သူတို့ ပျက်စီးလာတာနဲ့အမျှ ငါတို့လည်း ထိခိုက်တာပဲ။ ဒီကောင်တွေ မူးမူးရူးရူး ငါတို့နဲ့ စရိုက်မတူလို့ ငါတို့ မပေါင်းသင်းဘဲနေနိုင်ကြလို့လား၊ အချိန်တန်ရင် ဒီဘုတ်ခေါင်းထဲမှာပဲ လာစုကြတာချည်းပဲ။ အပေါင်းအသင်းကြောင့်ဂုဏ်တက်သလို အပေါင်းအသင်းကြောင့်ပဲ ဂုဏ်ပျက်တယ်ကွ လှဆောင်ရ"

"အပြင်မှာ အလုပ်ထွက်လုပ်တာမှ တစ်ရက်ပဲရှိသေးတယ်၊ စကားကြီးစကားကျယ်တွေ သုံးနေလိုက်တာကွာ ချီးတဲ့မပဲ"

"ဒါတော့ ငါလည်း သဘောတူတယ် လှဆောင်၊ အခုတောင် အိမ်က ပြောနေပြီကွ၊ ဟိုကောင်တွေ နောက်လမ်းထဲက အရက်ဆိုင်ရောက်နေပြီ၊ နင့်ပါးစပ်က ခွေးသွားရည်နံ့ထွက်လာလို့ကတော့ အိမ်ကဆင်းဖို့သာပြင်ထားတဲ့. . . ငါ့နှယ်"

ထွန်းစိုးပါ သူ့ဘက်ကဝင်ပြောလာ၍ လှဆောင် မျက်မှောင်ကြုံ့





ကာသွားလေသည်။ သူတတ်နိုင်တာတစ်ခုတော့ ရှိနေသည်။ ဒီကောင်တွေ ရပ်ကွက်ထဲလေနေမယ့်အစား စိတ်ပြေလက်ပျောက် ပြည်ပထွက်ပြီး အလုပ်လုပ်ဖို့ပင်။

"မင်းတို့ပြောကြည့်လေ၊ ဒီကောင်တွေသွားချင်ရင် သွားလို့ရအောင် ငါကူညီပေးနိုင်တယ်၊ အခုလောလောဆယ် မလေးရှိတယ်၊ စင်္ကာပူရှိတယ်၊ ဒူဘိုင်းရှိတယ်၊ စရိတ်က နောက်မှ လစာထဲကပြန်ဖြတ်ပေး"

"အေးကွာ ငါတော့ ဘယ်မှာဖြစ်ဖြစ် အလုပ်တစ်ခုခုထဲ စိတ်ရောက်သွားစေချင်တယ်၊ အနည်းနဲ့အများတော့ ပြောင်းလဲမယ်ကွာ"

"အဲ့ဒါထားပါဦး၊ ဒီနေ့ မင်း အတွေ့အကြုံရော ပြောစမ်းပါဦး"

"ထွက်တောင်ပြေးချင်တယ်"

"ဟေ"

ထို့နောက် သူ အလုပ်ဝင်ဖို့ လူတွေ့စတွေ့ကတည်းက အခြေအနေနှင့် ပေါင်းကာ ပြောပြလေ၏။

"ရုံးနဲ့ စက်ရုံရှိတဲ့နေရာက ကားငှားစီးရင် နာရီဝက်ကြာတယ်၊ လိုင်းကားနဲ့ဆို တစ်နာရီကြာတယ်။ ဒီနေ့တစ်ရက်ထဲတင် ရုံးနဲ့စက်ရုံကို ရှစ်ခေါက်တိတိ သွားလိုက်ရတယ်"

"ဟမ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကားနဲ့သွားရတာမဟုတ်ဘူး၊ ရှုံးသုံးစက်ဘီးလေးတစ်စီး ထုတ်ပေးတယ်၊ အဲ့ဒါနဲ့ လစ်ရတာ"

"ဟာ. . . မင်းဟာက မသေမချင်းသတ်နေတာပဲကွ"

"သေအောင်တော့မသတ်ပါဘူး၊ ငါလည်း အသေမခံနိုင်ပါဘူး၊ ဒါပေမယ့်လည်း ငါ ဆက်ပြီးမနေနိုင်အောင် လုပ်တာကွ၊ သူနဲ့ငါက မြင်မြင်ချင်း ဖိနပ်နဲ့နင်းကြတာလေ"

လှဆောင်က တွေးဆပြီးပြောသံနှင့် . . .

"အင်း. . . ကြည့်ရတာ အဖိုးကြီးသဘောအတိုင်းဆို မင်း အလုပ်မရနိုင်ဘူး၊ အရှိအသေမခံချင်တဲ့လူကြီးက မရှိသလောက်ရှားတယ်ကွ၊ အခုဟာက ချိုလေးမေအကြောင်းတရား အများကြီးပါလို့ ခန့်လိုက်တာပဲဖြစ်မယ်၊ အဲ့ဒါကြောင့် မင်းကို အသေမောင်းနေတာ"

"အဲသလိုလည်း တွက်လို့ရပါတယ်၊ နောက်တစ်ခုက အလုပ်တာဝန်အပေါ်မှာ ဘယ်လောက်စိတ်ရှည်သည်းခံသလဲလို့ စမ်းသပ်တာလည်း ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် လုပ်နေရရင် ပြီးတာပါပဲကွာ၊ အချိန်ကျရင် ရုံးတက်' အချိန်တန်ရင် အိမ်ပြန်၊ ဒါပါပဲ"

"ဟင်. . ."

လှဆောင်တို့ ဟာလိုက်ဟင်လိုက်နှင့် ရဲဝင်းကို မအီမသာကြီးကြည့်ကြပြီးမှ ထွန်းစိုးက . . .





"မင်း. . . နေကောင်းပါတယ်နော်. . ."

"ဘာဖြစ်လို့လဲ"

"မင်းစိတ်ကူးအတွေးတွေ တစ်မျိုးဖြစ်နေသလားလို့"

"မင်းတို့ ဘယ်လိုထင်လို့လဲ"

ထွန်းစိုး ခေါင်းကုတ်သည်။ မင်း. . . ရူးနေပြီဟု ပြောချင်နေတာကို မြိုချထားပုံပေါက်နေ၍ လှဆောင်က . . .

"မင်း တရားထိုင်တာတို့၊ ပုတီးစိပ်တာတို့ လုပ်သလား"

ရဲဝင်း ခေါင်းခါသဖြင့် . . .

"အေးကွာ၊ အားနာနာနဲ့ပြောရမှာပဲ၊ မင်းကတော့ ဟိုတုန်းကတည်းက အနေအေးအေး သွေးအေးအေးကောင်ပါ၊ ဒါပေမယ့် အကောင်းမကြိုက်တဲ့လူရယ်လို့ မရှိဘူးကွ၊ ဥပမာကွာ မင်းနေရာမှာ တစ်ယောက်ယောက်သာဆို သေချာပေါက်ညည်းမှာပဲ၊ အပြစ်ပြောမှာပဲ၊ အဲသလိုမဟုတ်ရင် အနိုင်မခံ အရှုံးမပေးတဲ့စကားမျိုးပြောမယ်ကွာ၊ နောက်တစ်မျိုးက နေရိပ်လိုချင်တော့လည်း နေပူကစောင့်ရတော့မှာပေါ့ ကွာ. . . ဆိုတာမျိုး ပြောမှာသေချာတယ်၊ လူဟာ အတ္တနဲ့ယှဉ်တယ်ကွ၊ အတ္တအနည်းအများပဲကွာတယ်၊ အတ္တမရှိရင် လူမဖြစ်ဘူး"

"ဘုန်းကြီးတော့ဖြစ်နိုင်တယ်မဟုတ်လား"

ရဲဝင်း ဆင်ခြေပေး၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမယ့် မင်း ဘုန်းကြီးမဝတ်ပါဘူး၊ အဲဒါကြောင့် . . ."

လှဆောင်လည်း ဆက်ပြောရမှာ အားနာ၍ ရပ်သွားသည်။ ဒါကို ရဲဝင်းက . . .

"ငါလည်း တွေးပါတယ်၊ မင်းရှုးနေတာလားလို့"

ထွန်းစိုး အဝေးကိုငေးနေရာမှ တွန့်ခနဲဖြစ်ကာ လှည့်ကြည့်သည်။

"လူတစ်ကိုယ် အကြိုက်တစ်မျိုးရှိတာ သဘာဝကျပါတယ်၊ ငါ ဘာကြိုက်တာလဲဆိုတာ ငါမသိဘူးဖြစ်နေတယ်၊ ဘာလိုချင်တာလဲဆိုတာ ငါမသိဘူး၊ ဘာမှလည်းမလိုချင်ဘူး၊ ခုချိန်ထိ ငါ့ဆန္ဒနဲ့ငါ လုပ်တဲ့အလုပ် တော်တော်များများကတော့ အပေါ်အလေးစွန့်တာနဲ့ ညနေစောင်း အပြင်ထွက်ထိုင်တာပဲရှိတယ်၊ ငယ်ငယ်တုန်းကတော့ အိမ်ရှေ့ထွက် ထိုင်တယ်ပေါ့ကွာ၊ အဲ အဖေနဲ့အမေ့ကို ကူညီပြီး လုပ်ကိုင်ပေးတာလေး လည်း ပါတာပေါ့ကွာ၊ ဒါက ကိုယ့်ဆန္ဒပါ၊ အမှန်အတိုင်းဝန်ခံရရင် ကျောင်းသာပြီးသွားတယ်၊ စာသင်တဲ့ စာတတ်အောင်သင်တဲ့စိတ်က အမေ့စိတ်နဲ့ အဖေ့စိတ်ကွ၊ ငါ့ကိုယ်ပိုင်စိတ်မဟုတ်ဘူး"

လှဆောင် ခေါင်းတွေကုတ်ပြီး . . .

"နေပါဦး. . . မင်းကို ငါ မေးစမ်းပါရစေဦး၊ ချိုလေးမေ ဒီလောက် လှတာကွာ၊ မင်းက ငါတို့နဲ့စာရင် အများကြီး အနေလည်းနီးတယ်၊





အဲ့ဒါ နည်းနည်းပါးပါး ရင်မခုန်မိဘူးလား"

"အင်း. . . သူလှတယ်ဆိုတာ ငါသိပါတယ်၊ ရွာမှာ ဝန်ထမ်းကောင် မလေးဆယ်ယောက်လောက်ရှိတယ်။ အားလုံး ကိုယ်စီလှနေကြတာပဲ၊ ချိုလေးမေက သူတို့ထက် အားသာချက်တွေရှိသလို ကိုယ်ပိုင်အလှတရား လည်း ပိုတယ်ကွ၊ ဝန်ထမ်းကောင်မလေးတွေကြားထဲ ရောက်သွားရင် အားလုံးမှိန်ပြီး ချိုလေးမေက ပိုလင်းလာတယ်။ အဲ့သလောက်ထိ ငါ့ စိတ်က သိတယ်။ တစ်တောင်လောက်မကွာတဲ့ နီးကပ်မှုမျိုး နှစ်ခါ လောက်ကြုံဖူးတယ်၊ ကိုယ်သင်းနံ့လေးရှိုက်ရတာ ရင်ထဲကို ချမ်းစိမ့်စိမ့် ကြီးတောင်ဖြစ်သွားတယ်၊ သူ့မျက်နှာပေါ်က နုထွေးအိဖေါင်းနေတဲ့ ပါးပြင်ဝါဝါလေးပေါ်မှာ ရေစက်ရေပေါက် လင်းကြည်ကြည်လေးတွေ တွဲလွဲခိုနေတာများ သိကြားမင်းဘုံဗိမ္ဗာန်ရဲ့ အိပ်ခန်းဆောင်ခန်းစီး လိုက်ကာတွေ လေတိုက်တိုင်းလှုပ်သလိုလိုပဲဟ"

လှဆောင် နားထောင်ရင်း အာတွေရွဲ့လာ၍ သူ့ပါးသူပြန်ရိုက် ကာ တည့်ယူရသည်။

"မြင်ရင်. . . နီးကပ်သွားရင် အသက်ရှူဖို့မေ့တာ၊ ရင်ခုန်တာ၊ စိတ်လှုပ်ရှားတာဟာ ဖိုမသဘာဝပဲလေ၊ ဖြစ်သင့်တာ အဲ့ဒီ သဘာဝထဲ ပျော်ဝင်ပြီး လိုချင်တပ်မက်မှု အလွယ်ပြောရရင် ချစ်သွားတာပေါ့၊ ငါမှာ သဘာဝအတိုင်း ခံစားပြီး အဲ့ဒီအတိုင်းကြီး အဲ့ဒီနားမှာပဲ ရပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ဘယ်လိုလုပ်ကြမလဲ"

ထွန်းစိုးက သူတို့နောက်က မြောင်းထဲ လက်မလေးနောက်ပြန် ညွှန်ပြကာ . . .

"ဇောက်ထိုးသာခုန်ချလိုက်ကွာ. . . ဟူး. . . မောတယ်"

ထိုနေ့ညအဖို့ ထိုအတိုင်းပင် သုံးယောက်သား အူကြောင်ကြောင် တွေဖြစ်ကာ ရပ်ကွက်ထဲ ပြန်ဝင်လာခဲ့ကြပါသည်။ လမ်းသွယ်လမ်းဆုံ ရောက်မှ ရဲဝင်းက . . .

"မင်းတို့နှစ်ယောက်လည်း ငါသတိထားမိသလောက် ကောင် မလေးတွေကို စိတ်ဝင်စားတာမျိုး မရှိဘူးနော်"

"အေးလေ. . . ဘာဖြစ်လို့လဲ"

"မင်းတို့လည်း ယောကျ်ားယူတာမျိုးတော့ မလုပ်ကြပါနဲ့ကွာ"

"ဟာ. . . တယ်. . ဒီ. . မအေ. . ."

"ငါ. . ."

ရဲဝင်း သုတ်ခနဲ လှည့်ပြေးတော့၍ လှဆောင်နှင့် ထွန်းစိုးတို့ ပိုပြီး အီလည်လည်ဖြစ်ကာ ဆက်လျှောက်လာကြပါသည်။ လှဆောင် က . . .

"အမှန်က ဒီစကားကို ငါပြောဖို့စဉ်းစားနေတာကွ၊ ဒီလဒက ဦးသွားတယ်"





"ဒီလဖွတ်မှာ ဒီလို ဟာသဉာဏ်လည်း ရှိသားနော်"

ထိုထက်ပို၍ သူတို့ ဘာမှမပြောဖြစ်ကြတော့ပါချေ။ သို့သော် လည်း အတွေးကိုယ်စီတော့ ပါလာခဲ့ကြပါသည်။ သူတို့လည်း ခုချိန်အထိ နေသာသလိုနေလာကြသည်။ လုပ်ရိုးလုပ်စဉ် တစ်ခုထက်ပိုပြီး ဆန်း ပြားထူးခြားတာမျိုး မလုပ်ခဲ့မိ၍ ရှည်လျားလှသော သို့မဟုတ် ဘယ် တော့ပြီးဆုံးမှန်းမသိသော လူ့ဘဝကြီးထဲ အသက်ရှင်နေတုန်း ငါ ဘာ လိုချင်တာလဲ၊ ငါ ဘာလုပ်ချင်တာလဲ၊ အခု. . . ဘာတွေလုပ်နေသလဲ . . . စသော မေးခွန်းများ တွဲလွဲခိုကာ ပါလာခဲ့ကြ၏။

●



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းထဲ လေးဖင့်သောခြေလှမ်းများနှင့် ဝင်လာသော သမီးဖြစ်သူ၏မျက်နှာ မကြည်သာမှန်းသိသော်လည်း ဦးဒီပါ မသိဟန်ဆောင်ကာ ပဋိသန္ဓာရ စကားဆိုလိုက်သည်။

"သမီးမေမေ ဒီနေ့ည ပါတီတစ်ခုသွားဖို့ရှိနေတယ်ကွ၊ သမီး မလိုက်ဘူးလား"

"နေ့ဘက်လုပ်တဲ့ပါတီဆိုရင်တော့ သွားပါတယ်၊ ညပါတီတော့ မကြိုက်ဘူး"

"ဟေ. . . ဘာကြောင့်လဲ"

"အတုတွေများတယ်၊ အလင်းအတု၊ စိတ်အတု၊ အဆင်းတန်ဆာအတု၊ အပြုံးအတု၊ ဒါတောင် လူအတုတွေ သုံးလို့မရလို့၊ ရရင် သုံးကြ





ဦးမှာ"

"ဟာ. . . သမီးကလည်း. . . "

"မမှန်လို့လားဖေဖေ၊ အနည်းဆုံး တစ်နေကုန် ပင်ပန်းထားကြတာ၊ ညပါတီမှာ ဘာနဲ့လန်းဆတ်ကြမှာလဲ၊ အတုမှမသုံးရင် အဆင်မပြေပါမလား၊ သမီးကတော့ အစစ်ကိုပဲ သဘောကျတယ်၊ ခံစားမှုအတုနဲ့ အသက်ရှူနေတဲ့သူတွေကိုလည်း မုန်းတယ်၊ ဒါပေမယ့်လည်း တစ်လောကလုံး ဒီအတိုင်းချည်းပါပဲ၊ တစ်ချို့ကုမ္ပဏီလူကြီးတွေဆို ပင်ကိုယ်စိတ်ကောင်းရှိပါလျက်နဲ့ ကိုယ့်ဝန်ထမ်းကိုယ် ခံစားမှုအတုနဲ့ နှိပ်စက်ညှင်းပန်းနေတာတွေ တွေ့နေရတာပဲ၊ ဩော. . . ရဲဝင်းကို ဘယ်ခိုင်းလိုက်လဲ ဖေဖေ"

"စက်ရုံလေ. . . "

"ဒီမနက် ဘယ်နှစ်ခေါက်မြောက်လဲ"

"အဲ. . . အင်း. . . ကိတ်. . . ကိစ္စတွေကရှိတော့လေ"

"သူပြန်လာရင် သမီးဆီလွှတ်လိုက်ပါ၊ မျိုးပေါင်းသုတေသနလုပ်နေတဲ့ ခင်မီမီကျော်နဲ့ သီတာထွန်းတို့ လုပ်ငန်းခွင် အခက်အခဲရှိနေတယ်၊ ရဲဝင်းက Botany နဲ့ ကျောင်းပြီးထားတာ၊ သူ့ဆီက အကြံဉာဏ်တစ်ခုလိုချင်တယ်၊ ဒီပြဿနာ မဖြေရှင်းနိုင်ရင် ဖေဖေ မျှော်လင့်ထားတဲ့ သက်စောင့်ဆေး ပရောဂျက် ပျက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . အေး. . . အေး. . . ဟုတ်ပြီ၊ ဖေဖေ အခုပဲ စက်ရုံဆီ ဖုန်းဆက်လိုက်မယ်၊ ရောက်တာနဲ့ ချက်ချင်းပြန်လွှတ်ပေးဖို့ ဟုတ်ပြီလား"

သူမ ဘာမှမပြောတော့ဘဲ သုန်သုန်မှုန်မှုန်နဲ့ ထထွက်သွားတော့မှ ဦးဒီပါ အသက်မျှင်းမျှင်း ရှူသွင်းလိုက်သည်။

ဒီလဖွတ်ကောင်က ဘာအရည်အချင်းတွေပြည့်မီနေလို့ အကြံဥာဏ်ယူနေရဦးမှာလဲ၊ ဒါ သက်သက် ဖအေကို အကွက်ချတာ၊ ဟင်း . . . ငါ့သမီးနဲ့တော့. . . ။

●

သူ ရုံးပြန်ရောက်တော့ နေ့လည်(၁၂)နာရီ။ အားလုံး ထမင်းစားဆင်းနေကြပြီဖြစ်သော်လည်း ရောက်ရောက်ချင်း သုတေသနခန်းကို သွားဖို့ ဒါရိုက်တာ ဖုန်းနဲ့ညွှန်ကြားထားတဲ့အတွက် မနားနိုင်သေးဘဲ ရေတစ်ဝသောက်ပြီး သုတေသနခန်းထဲ တန်းဝင်လာခဲ့သည်။

အခန်းထဲမှာ ဝန်ထမ်းအမျိုးသမီးနှစ်ဦး ထမင်းဘူးဖွင့်စားရင်း ဖန်ပြွန်အတိုအရှည်တွေ၊ ကွန်ပျူတာစက်ခလုတ်ခုံတွေနှင့် အလုပ်ရှုပ်ကာ နေလေသည်။





"ကိုရဲဝင်းမဟုတ်လား"

မိန်းကလေးတစ်ယောက်က လှမ်းမေး၍ သူ ခေါင်းညိတ်ပြကာ လျှောက်ဝင်လာခဲ့သည်။

"မမက မှာသွားတယ်၊ ကိုရဲဝင်းဆီက အကြံဥာဏ်ယူပါတဲ့၊ ကျွန်မတို့လည်း ခွေးပြန်နေပြီ၊ ကူညီပါဦး"

"ဟုတ်ပြီလေ၊ ကျွန်တော်က ဘယ်လိုအကြံဥာဏ်ဆိုတာလေး"

ထိုအခါ ထမင်းတစ်လွှန်းကို ပါးစပ်ထဲ အရေးတကြီး ထိုးသွပ်ပြီးမှ စားပွဲတစ်ခုစီ လျှောက်သွားကာ ဖိုင်နှစ်ခု ယူလာခဲ့ပါသည်။

"ဒါက ဒီသုတေသနအတွက် လျာထားတဲ့စီမံချက် ဖိုင်ပါ။ ဒီဖိုင်က ကျွန်မတို့ နေ့စဉ်တွေ့ရှိချက်မှတ်တမ်းပေါ့"

မှတ်တမ်းဖိုင်က အတော်ထူသဖြင့် စီမံချက်ဖိုင်ကို ယူကာဖွင့်ဖတ်ကြည့်လိုက်သည်။ A4 စာရွက်နှစ်ရွက်အနက် ပထမတစ်ရွက်က အစည်းအဝေးမှတ်တမ်းဖြစ်ပြီး ဒုတိယတစ်ရွက်က ဇီဝက သက်စောင့်ဆေးဖော်ထုတ်ရန် ညွှန်ကြားချက်ဖြစ်သည်။ သုတေသနပြုလုပ်ဆောင်ရွက်မှုကာလကို ကြည့်ပြီး ရဲဝင်း မျက်ခုံးတွန့်သွားကာ . . .

"ဟာ. . . ခင်ဗျားတို့ကိုပေးထားတဲ့ရက်က မနက်ဖြန်ဆိုပြည့်ပြီပဲ"

"ဟုတ်တယ်၊ အဲ့ဒါကြောင့် ထမင်းကို မစားနိုင်ကြတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ယောက်က ထိုသို့ပြောပြီး ထမင်းနှစ်ဇွန်းလောက် ပါးစပ်အကျယ်ကြီးဟပြီး ထိုးသွပ်လိုက်သဖြင့် ရဲဝင်း ရယ်ချင်သွားကာ စိမံချက်ဖိုင်ကို ချလိုက်သည်။ ထို့နောက် မှတ်တမ်းဖိုင်ကိုယူပြီး . . .

"ဒါ ကျွန်တော် ခဏယူသွားရင်ဖြစ်လား"

"ဖြစ်ပါတယ်၊ ဒါပေမယ့် ရုံးပြင်ပအထိတော့ ယူခွင့်မရှိဘူးနော်"

"စိတ်ချ. . . တံစက်မြိတ်အပြင်ဖက်ကို မထွက်စေရဘူး"

ပြောပြီး သူ ဖိုင်ကိုယူကာ မြေညီထပ်သို့ ဆင်းလာခဲ့ပါသည်။ ကော်ဖီဘားသို့ဝင်ပြီး ကော်ဖီတစ်ခွက်မှာကာ ဖိုင်ကို ဖတ်ကြည့်လေတော့၏။

ရေခဲဖုံးဒေသမျိုးမှာ ပေါက်ရောက်သော ဂမုန်းတစ်မျိုးအား အနီးစပ်ဆုံး မျိုးစိတ်တူသော ဂမုန်းပင်နှင့် မျိုးပေါင်းကာ မူလသတ္တိကို ပြန်နှိုးပွားမွေးမြူနိုင်သည့်အစီစဉ်ဖြစ်သည်။ ပြဿနာက ရှားပါးပြီး အာနိသင်ပြည့်ဝသောအပင်က အအေးပိုင်းဒေသပေါက်ရောက်ပင်၊ မျိုးပေါင်းမျိုးပွားချင်သော မျိုးစိတ်တူအပင်က ပူနွေးစိုစွတ်သောဒေသမှာ ပေါက်သော အပင်ဖြစ်နေသည်။

တစ်နှစ်နီးပါးကြာသွားပြီး ဖိုင်တစ်ခုလုံးသာ ကုန်သွားသည် စမ်းသပ်တွေ့ရှိချက်၏ တိုးတက်မှုက ခပ်ပါးပါးသာရှိ၍ ဖိုင်ကိုချထားကာ အေးစက်စပြုနေသော ကော်ဖီကို တစိမ့်စိမ့် သောက်နေလိုက်တော့





သည်။

"ကိုရဲဝင်း ကျွန်မ ဝင်ထိုင်မယ်နော်"

အတွေးထဲနစ်နေ၍ သူမဝင်လာတာကိုပင် သတိမထားမိဘဲ အသံကြားမှ မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

"ကော်ဖီသောက်မလား၊ ကျွန်တော်မှာပေးမယ်"

"ပြီးပြီ. . . အခန်းထဲရောက်မှ ရှင် ဖိုင်ယူသွားတယ်ဆိုလို့ ပြန်ဆင်းလိုက်လာတာ၊ ဖတ်ပြီးပြီလား"

"အင်း. . . ပြီးပါပြီ"

"ကျွန်မ ရှင့်ကို အကူအညီတောင်းတာပါ၊ ကူညီပါ"

"ငါးပိတွေ အိုးသိပ်ပေးရတာလောက်တော့ မလွယ်ဘူးဗျ၊ ဒါပေမယ့်လည်း တွေးကြည့်ရတာပေါ့"

"ကျွန်မ မန်နေဂျာရာထူးယူနေတဲ့ကာလမှာ ဒီလို ဆေးဝါးအသစ်ဖော်ထုတ်တာ ဒါ ပထမဦးဆုံးပဲ၊ အဲ့ဒါကြောင့် အောင်မြင်ချင်တယ်"

"ကျွန်တော်မေးကြည့်မယ်၊ မျိုးရင်းအပင်က ပြည်တွင်းကလား၊ ပြည်ပကလား"

"ပြည်ပမျိုးပါ"

"ကျွန်တော်တို့ဆီမှာရော ရှာကြည့်သေးလား"

"အရင်းအနှီးတွက်ကြည့်တော့ ဝယ်လိုက်တာထက် လိုက်ရှာတာ



www.burmeseclassic.com

www.burmeseclassic.com



က ပိုများနေလို့လေ"

"ကျွန်မတို့ မက်မောတယ်ဆိုတာကလည်း သူ့မှာ ဂျင်ဆင်းနဲ့ လင်ဇီးမှိုတို့မှာ ပါဝင်နေတဲ့ သတ္တိတွေထက် ပိုပြီး စွမ်းအားမြင့်နေတယ်"

"အဲဒီ ထောက်ခံချက်နဲ့ သုတေသနအချက်အလက်တွေကိုရော ဘယ်သူက ပေးတာလဲ၊ ဒီအခန်းထဲက နှစ်ယောက်တော့ မဖြစ်နိုင်ဘူး"

"မှန်ပါတယ်၊ ပြည်ပပညာရှင်တွေရဲ့ ရှာဖွေတွေ့ရှိချက်ပါ၊ ဒီအပင်ကို ရတဲ့နိုင်ငံကပဲလေ"

"ထပ်ဆင့် ထောက်ခံချက်နဲ့ စမ်းသပ်ချက် ဥပမာ တိုင်းရင်းဆေးဝါးနဲ့ ပတ်သက်ပြီး နာမည်ရှိနေတဲ့နိုင်ငံပေါ့။ အဲဒီနိုင်ငံတွေက ပညာရှင်တွေရဲ့ ထောက်ခံချက်ရယူဖို့ရော လုပ်ကြည့်သေးလား"

သူမ နှုတ်ခမ်းလေးဖိကိုက်နေပြီးမှ . . .

"ဝန်ခံရရင် ကိုယ့်ဆီမှာ နည်းပညာအားနည်းနေတဲ့အတွက် သူများကို လုပ်ကျွေးသလိုဖြစ်သွားမှာ စိုးရိမ်တယ်၊ ဖျောက်ဖျက်တာမျိုး လဲလှယ်ယူလိုက်တာမျိုးနဲ့ ဆုံးရှုံးနိုင်တယ်၊ စမ်းသပ်ထောက်ခံမှုအတွက် စရိတ်စက အရမ်းကြီးမြင့်နေတယ်၊ လက်ရှိ ဒီအပင်ရဲ့တန်ဖိုးတင် ဒေါ်လာသုံးထောင်နီးပါးကျနေတယ်၊ ပြည်တွင်းသုတေသနစရိတ်တင် အပင်ဖိုးနီးပါးဖြစ်လာတော့ ကျွန်မတို့ ဒီပြဿနာအပေါ် ဘယ်လိုဆက်ပြီး ကိုင်တွယ်ရမယ်ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေတယ်ရှင့်"





"ကျွန်တော့်အမြင်ပြောရမလား"

"ပြောပါ"

"ပထမအားနည်းချက်က မိသားစုပိုင် တစ်ဦးတည်း ရင်းနှီးမြှုပ်နှံမှုလုပ်ထားတဲ့အတွက် အတိုင်းအဆက ကိုယ့်ရှေ့မှာကြိုပြီး ပိတ်နေတယ်၊ စိတ်ထွက်သလောက်မရောက်ဘူး၊ ဒုတိယအားနည်းချက်က ကိုယ့်ခွန်အားနဲ့ လက်လှမ်းမမီနိုင်တဲ့ အောင်မြင်မှုကို လိုအပ်နေတာ"

နည်းနည်းလေးမှ အားနာမှုမရှိဘဲ ပြောင်ကျကျဝေဖန်နေမှုအတွက် သူမ စိတ်ထဲ ဖျင်းခနဲဖြစ်မိသော်လည်း ရဲဝင်း၏စကားက မမှားခဲ့။ ထို့ကြောင့် ပင့်သက်ခိုးရှိုက်ကာ နားထောင်နေရသည်။

"တတိယအချက်က ဆုံးရှုံးသွားမှာကို ကြောက်နေတဲ့စိတ်ပဲ ချိုလေးမေ။ သေမှာကြောက်ရင် သူရဲကောင်းမဖြစ်ဘူး။ စစ်ပွဲတွေ အောင်နိုင်ခဲ့တဲ့သူရဲကောင်းတွေရဲ့ စိတ်ထဲမှာ သေကြေသွားမှာ နာကျင်သွားမှာကို မစိုးရိမ်ကြဘူးဗျ. . .၊ ဖြစ်သင့်တာက အားနည်းသူချင်း ပူးပေါင်း ဆောင်ရွက်မှုပဲ၊ ကုမ္ပဏီချင်းချင်း စည်းလုံးရမယ်၊ ဖိတ်ခေါ်ပြီး ကိုယ့် ပရော့ဂျက်ကို ချပြရမယ်၊ စိတ်ဝင်စားရင် အရင်းအနှီးပညာရှင် အကြံဉာဏ်ပူးပေါင်းပြီး အောင်မြင်မှုကို ခွဲဝေယူရမယ်၊ အဲ့သလိုမှ မဟုတ်ရင် တစ်ခုတော့ လုပ်သင့်တယ်၊ ဒီအပင်ကိုယူသွား၊ ပူတာအိုမှာ အခြေချပြီး စိုက်ခင်းလုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝှန်းခနဲထရပ်၍ ရဲဝင်း လန့်ကာမော့ကြည့်သည်။

"ကျွန်မတို့ကို အဲ့သလောက်အတယ်လို့ ရှင်ထင်တာ သိပ်မရိုးစင်းလွန်းဘူးလား၊ ဒါ ငါးပိရောင်းသလောက် မလွယ်ဘူးရှင့်"

"ဟုတ်လား. . . မင်းအလုပ်ခေါ်သွင်းပေးထားတာ ငါးပိသည်လေ၊ ငါးပိသည်ကို ဆေးဝါးသုတေသနစီမံချက်ကြီးအောင်မြင်အောင် အကူအညီတောင်းတဲ့ မင်းကိုယ်မင်းရော ဘယ်လောက်ညံ့နေသလဲ တွက်မိရဲ့လား"

"ဘာ. . . ကဲ. . ."

"ဖတ်. . ."

ချာခနဲလည်ထွက်သွားသော မျက်နှာအား ရဲဝင်း ချက်ချင်းပြန်တည့်ပစ်လိုက်သည်။ ကျော်နောင့်လက်သီးချက်တောင် မဖြုံတာ ဒီလောက်က အေးဆေး။

"အလုပ်ရှင်နဲ့အလုပ်သမား ကိုယ်ထိလက်ရောက်ပြုမူတာ တရားစွဲလို့ရတယ် ချိုလေးမေ၊ မင်း ဒီထက်ပိုဆိုးလာရင် ဒီထက် ပိုညံ့သွားလိမ့်မယ်"

ပြောပြီး ရဲဝင်း ဖိုင်ကိုကောက်ယူကာ ထွက်လာခဲ့ပါသည်။ အပေါ်ထပ် သုတေသနရုံးခန်းထဲရောက်တော့ သွေးအေးသွားခဲ့သည်။ အေးစရာအကြောင်းလည်း ရှိနေသည်။





"တို့ဆရာလာပြီဟေ့ မိကျော်ရေ"

"ဆရာ အခြေအနေလေး"

"အင်း. . . ကောင်းပါတယ်"

"စိတ်ပျက်ဖို့ပေါ့. . အခိခိခိ. . ."

"ဆရာ ထမင်းရောစားပြီးပြီးလား"

"ကော်ဖီသောက်ထားတယ်. . ."

"ဟယ်တော့. . . သီတာရေ လုပ်ပါဦး၊ ဆရာစားဖို့. . ."

စိတ်ကို ပို၍ အေးစက်သွားစေသည်ကတော့ လုံခြုံမှုစနစ်အပြည့်နှင့် မှန်လုံအအေးခန်းဖွဲ့ကာ မွေးမြူထားသော စွမ်းအားမြှင့် ဂမုန်းပင်လေးအား ကြည့်မြင်နေရခြင်းဖြစ်တော့သည်။

"ကျွန်တော် ဒီအပင်ကို ကိုယ်တိုင်ဝင်ကြည့်ချင်တယ်"

"အဲ့. . . အဲ့ဒါက လုံခြုံရေးမှူးပါမှ ဝင်လို့ရတာ၊ သော့က ဒါရိုက်တာကြီးဆီမှာ"

"လုံခြုံရေးမှူးနဲ့သော့ကို လိုချင်တယ်"

"ခဏလေးနော် ဆရာ"

ထို့နောက် ဖုန်းနှင့်လှမ်းပြောကာခေါ်ပါသည်။ သိပ်မကြာပါ။ လုံခြုံရေးမှူးဆိုသောသူ ရောက်လာပါသည်။

"တော်သေးတယ်၊ သူ့ငွေ အပြင်ထွက်တော့မလို့ ဒီမှာလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းဖွင့်ပေး၍ သူဝင်ခွင့်ရကာ ဂမုန်းပင်ကို ဝင်ကြည့်သည်။ သူ သိထားသလောက် မျိုးစိတ်ဖွဲ့စည်းပုံက အကိုင်းအလက်အရွက်မှ အမြစ်ထွက် မျိုးပွားနိုင်သော အပင်မျိုးနှင့်တူလှသဖြင့် အခက်တစ်ခက် ချိုးကာ ဘေးက ရေခဲမှုန်တွေကြားမှာပင် ထိုးစိုက်ထားလိုက်သည်။ လှည့်ကြည့်တော့ လုံခြုံရေးမှူးနှင့် ကောင်မလေးနှစ်ယောက်ပါ မျက်လုံး ပြူးပြီး လန့်ကာနေကြသည်။

သူထွက်လာမှ လုံခြုံရေးမှူးက . . .

"ခင်ဗျားတော့ပြုတ်ပြီ. . . ကိုယ့်ဆရာ"

"ဘာကြောင့်လဲ. . ."

"ဒီအပင်ကို သူဌေးနဲ့မန်နေဂျာကလွဲလို့ ဘယ်သူမှ ဆံချည်တစ်ပင်စာတောင် ထိခွင့်မရှိဘူးဗျ"

"တစ်ပင်လုံးမှ ဒေါ်လာသုံးထောင်ပဲကျတာ၊ ကျုပ် ဖြတ်လိုက်တဲ့ အခက်က တန်ဖိုးတွက်ရင် ဒေါ်လာတစ်ရာပေါ့၊ လစာနှစ်လစာလောက် ဆို လုံလောက်ပါတယ်"

လုံခြုံရေးမှူး ပြန်ထွက်သွားမှ ကောင်မလေးနှစ်ယောက်က. . .

"ဆရာ့ရည်ရွယ်ချက်က ဘာလဲဟင်"

"ပြောပြဖို့စောပါသေးတယ်၊ ဒါပေမယ့် အခု စိုက်ထားတဲ့အခက် ကလေးကို စောင့်ကြည့်ဖို့လိုတယ်၊ သူ မူလဓါတ်ပြန်သဘာဝမှာ ပင်စည်





နဲ့ ကင်းကွာရင် မိနစ်သုံးဆယ်အတွင်း အရောင်ပြောင်းတယ်လို့ ဆိုတယ်၊ ဒီနေ့ ရုံးဆင်းချိန်အထိ အရောင်မပြောင်းဘူး၊ ထူးခြားဖြစ်စဉ် မရှိဘူးဆိုရင် လုပ်ငန်းပထမအဆင့် အောင်မြင်တာပဲ"

"နားမလည်ဘူးဆရာ"

"ကြောင်နဲ့ကြွက်ကာတွန်းကားတွေ ကြည့်ဖူးလား"

"အင်း. . . ကြည့်ဖူးတယ်"

"တူနဲ့ပဲထုထု၊ ကားနဲ့ပဲကြိတ်ကြိတ် ပြားသွားတာပဲရှိတယ်၊ ကြောင်နဲ့ကြွက်က သေလို့လား"

"သေမလားဆရာရဲ့ ကာတွန်းပဲဟာ"

"မဟုတ်ဘူး၊ ဒီဇာတ်ရဲ့ရည်ရွယ်ချက်က အဲဒါ စွမ်းအားရှင်တွေ ဘယ်လိုလုပ်လုပ်မသေဘူး၊ ရှင်းပြီနော်"

"အင်း. . . ဟုတ်. . ."

"အခုလည်း ဒီအပင်ဟာ စွမ်းအားရှင်ပဲ၊ ဂျင်စင်းတို့ လင်ဇီးတို့တောင် နောက်ကောက်ကျစေတဲ့ နတ်ဆေးပင်ဆိုတော့ သူ့ပင်ကိုယ် သတ္တိကိုက မသေနိုင်တဲ့အပင်ပဲ၊ လိုအပ်တဲ့ဇီဝပံ့ပိုးမှုရှိရင် အဲဒီအခက် ဟာ အပင်တစ်ပင် သေချာပေါက်ဖြစ်လာမယ်၊ ငါကတော့ ချဉ်ပေါင် ပင်တွေ အဲသလိုနည်းနဲ့ပဲစိုက်တယ်"

"ဟာ. . . ဆရာကတော့လုပ်ပြီ၊ ဒါက ချဉ်ပေါင်ပင်လား"



www.burmeseclassic.com

www.burmeseclassic.com

"မျိုးစိတ်က အမိကပဲလေ၊ မြန်မာပြည်မှာမွေးပြီး နိုင်ငံခြားမှာ ကြီးပြင်းစေလို့ နိုင်ငံခြားဘာသာစကားပြောတာပဲရှိတယ်၊ DNA စစ်ကြည့် မြန်မာကွ"

ကောင်မလေးတွေ ခေါင်းကုတ်ကြကာ အူကုန်သည်။ ဟုတ်တိပတ်တိနဲ့ ထမင်းကျွေးတော့မလို ဘာလိုလိုနဲ့ အမှုတွဲထဲပါမှာစိုး၍လား မသိ၊ သူတို့ဘာသာပဲ ယောင်တောင်တောင် လုပ်နေတော့သဖြင့် သူလည်း ထိုအခန်းထဲမှ ထွက်လာခဲ့တော့သည်။

ထိုနေ့ ရုံးဆင်းချိန်အထိ ချိုလေးမေအား မတွေ့ရ၍ သူလည်း မျက်နှာအပ္ပသက်သာသွားလေသည်။

■



## အခန်း (၆)

ညနေစာစားပြီး အုတ်ခုံထွက်ထိုင်ဖို့စိတ်ကူးရင်း မီးဖိုခန်းကအထွက် လေတိုက်၍လွင့်ကျနေသော ပြက္ခဒိန်ကို ကောက်ယူကာ ချိတ်လိုက်သည်။

"ဩော်. . . သကြၤန်တောင် ကျတော့မှာပါလား"

လက်စနှင့် ရုံးတက်ရက်နှင့် သင်္ကြန်ပိတ်ရက်ကို တွက်ကြည့်သည်။ နောက်တစ်ပတ်ပဲ ရုံးတက်ရတော့မည်။ သို့နှင့် သင်္ကြန်နားရက် ဘာလုပ်မလဲဟု တွေးကာ အောက်ဆင်းလာခဲ့စဉ် ချိုလေးမေက ခြံအဝင်ဝမှာ တောင့်တောင့်ကြီး တွေ့လိုက်ရတော့သည်။

"ရှင့်ကို အလုပ်ဖြုတ်လိုက်ပြီ"

သူ ပထမတော့ မှင်သက်မိသွားသည်။ ဒုတိယ ဂမုန်းပင် ဖြစ်လိုက်


www.burmeseclassic.com

www.burmeseclassic.com

သောက်စွနှင့် လုံခြုံရေးမှူးပြောသော စကားကို သတိရကာ ပြုံးလိုက်သည်။

"ကျွန်တော်ရှုံးဆင်းတဲ့အထိ မင်းကို မတွေ့ပါဘူး"

"အပိုတွေပြောမနေနဲ့၊ လုံခြုံရေးမှူး ဖုန်းဆက်တယ်၊ ရှင်ဟာ တကယ့်လူရွှတ်၊ လူရိုင်းတစ်ယောက်ပဲ၊ သိပ်မုန်းတယ်"

ပြောပြီး ချာခနဲ လှည့်အထွက် ရဲဝင်းက . . .

"နေပါဦး၊ ကျွန်တော် အလုပ်ဆင်းထားတဲ့ရက်တွေအတွက် လုပ်အားခကရော"

"တောက် . . . ရှင်တောင်းရဲသေးတယ်နော်"

"ပါးတောင်အရိုက်ခံထားရတာပဲ . . . ကွာ . . ."

"ကောင်းပြီလေ၊ ရှင်အရိုက်ခံရတဲ့အတွက် နစ်နာကြေးရော၊ လုပ်အားခပါ တွက်လိုက်ပါ၊ ကျွန်မပေးပါ့မယ်၊ ပြီးရင် ကျွန်မဖက်ကလည်း ဆုံးရှုံးမှုအတွက် လျော်ကြေးပြန်ယူရလိမ့်မယ်"

"ဒါက . . . တာဝန်ပေးလို့လုပ်တာလေ၊ ဒီလိုမလုပ်ရပါဘူးလို့ တာဝန်ပေးစဉ်အခါက မင်း သတိပေးတာရှိခဲ့သလား၊ နောက်တစ်ချက်က အကူအညီပေးပါဆိုတဲ့စကား မင်း မှတ်မိသလား"

"ရှင် . . . ဟင်း . . . ."

သည်တစ်ကြိမ် လှည့်ထွက်သွားမှုအတွက် သူ မတားဆီးတော့ပါ။





သို့သော် နှုတ်ဆိတ်စွာ ငေးမိတာတော့ ဝန်ခံရပါမည်။

စိတ်ထဲမှာ မဟုတ်လျှင် ရင်တွင်းတစ်နေရာရာမှာတော့ ဟာ သလို ဗိုက်ဆာသလိုလိုကြီး ခံစားနေရသည်။ အခုပဲ ထမင်းစားပြီးဆင်းလာတာ ဗိုက်ဆာတာတော့ မဖြစ်နိုင်။ သူ့ခြေလှမ်းတွေလည်း အုတ်ခုံဆီ မရောက်နိုင်တော့ဘူးဟု ထင်လေ၏။

●



www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တပတ် နှစ်ပတ်ခန့် ကြာမြင့်ကုန်ဆုံးမှုက သူ့စိတ်ထဲမှာ ထူးခြားပြီး ခံစားရတာမျိုးမရှိခဲ့။ ပုံမှန်အတိုင်းလေး နေထိုင်ရင်းသာ ကုန်ဆုံးလာခဲ့သည်။ သင်္ကြန်မကျခင် တစ်ပတ်လောက်က နည်းနည်း ယောင်ချာချာဖြစ်သွားသည်။ တရုတ်သရဲလို ခုန်ခုန်သွားနေရာမှ ရုတ်တရက် လူလိုလမ်းလျှောက်ရသလိုမျိုး။ ဆပ်ပြာမတိုက်ခင်က ရေအေး အေးလေးချိုးနေရပြီး ဆပ်ပြာတိုက်ပြီးရေလောင်းမှ ရေက ပူသလိုလို ဒါလောက်ပင်။

အမေကတော့ အကြိုနေ့မတိုင်ခင် တစ်ရက်ကတည်းက ဆယ် ရက်စခန်းဝင်ဖို့ မိုးကုတ်ဝိပဿနာ တရားစခန်းရောက်သွားသည်။ သူ ကတော့ အမေထားခဲ့သည့် ငါးပိအိုးတွေနှင့် လာဝယ်လျှင်ရောင်း၊ လာ





မှာလျှင်သွားပို့ကာ သင်္ကြန်ကျပါသည်။ ဟိုတုန်းကတည်းက အပြင်ထွက် လည်တာမျိုး ရေကစားတာမျိုး အလေ့အထမရှိသဖြင့် ယခုလည်း အိမ် ထဲမှာနေကာ သင်္ကြန်လည်း သူ့ဘာသာ အပြင်မှာနေလေသည်။ ကျော်နောင်တို့တော့ မူးလက်စလည်းရှိနေသဖြင့် ပျော်ပြီပေါ့။ ထွန်းစိုး နှင့် လှဆောင်တို့လည်း သင်္ကြန်တွင်းမှာ ဘာလုပ်ကြသည်မသိ၊ ဘယ်သူ မှလည်းမလာ၊ သူလည်း မသွား၍ အဆက်အသွယ်ပြတ်ကာ နေကြ သည်။ သို့ဖြင့် နှစ်ဆန်းတစ်ရက်နေ့ ညနေခင်းသို့ရောက်လာကာ သူ လည်း ပျင်းပျင်းရှိသည်နှင့် အုတ်ခုံထွက်ထိုင်ဖို့ ထွက်လျှောက်လာခဲ့ သည်။

"ရဲဝင်း. . ."

လှည့်ကြည့်လိုက်တော့ ချိုလေးမေ။ အိပ်မက်ဆန်လွန်း၍ ပထမ တော့ ကြောင်တောင်ငေးမိသည်။ ဒုတိယအပြုံးတွေနှင့် လင်းလက်နေ သော သူမမျက်နှာအလှကြောင့် သူ အသက်ရှူသံမြန်လာကာ အသိဝင် လာသည်။

"ရှင့်ဆီလာတာ၊ လွဲတော့မလို့. . ."

"နှစ်နာကြေးနဲ့လစာ လာပေးတာလား"

"အလုပ်ပြန်ခန့်မလို့. . ."

"ဘာရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



“အဟင်းဟင်း ရှင် အံ့ဩသွားတယ်မဟုတ်လား၊ လာ အိမ်လိုက်ခဲ့၊ ဖေဖေ ခေါ်ခိုင်းလိုက်တယ်”

“မဖြစ်ဘူးထင်တယ်၊ နှစ်ဆန်းတစ်ရက်နေ့ဆိုတာ စိတ်ပျော်စရာတွေနဲ့ပဲ အချိန်ကုန်တာကောင်းတယ်”

“ရှင်ပျော်ရမှာပါ. . .”

ဒီနေရာမှာ သူဝန်ခံရတော့မည်။ ရင်ဘတ်ထဲ လစ်ဟာနေသော နေရာလေးက လေခိုစရာမကျန်အောင် ပြည့်ပြည့်နေသလို ဖြစ်သွားသည်။ ပြီးတော့ သူမ၏အပြုံးစကားကို ဘယ်လောက်ကြာအောင် လွမ်းမက်နေမှန်းမသိဘဲ ခုလိုကြားလိုက်ရတာကိုက စိတ်ထဲမှာ ချိုပြီးဆိမ့်နေသည်။ ဘုရား. . . ဘုရား. . .။

သူမတို့အိမ်ဖက် လျှောက်လာသောလမ်းတစ်လျှောက် သူ ခိုးခိုးကြည့်တိုင်း သူမမျက်နှာလေး ဝင်းဝါကာပြုံးနေ၍ . . .

“အန်ကယ်ခေါ်တဲ့ကိစ္စ နည်းနည်းကြိုမသိရဘူးလား”

“Question Out ပေးရမှာလား”

“အင်းပေါ့”

“ရှင်စိုက်ခဲ့တဲ့အပင်က အသက်ရှင်နေပြီ. . .”

“ဟာ. . . တကယ်”

“ဟုတ်တယ်. . . အခန်းထဲကနှစ်ယောက်တော့ သင်္ကြန် မကစား





လိုက်ရဘူးပေါ့၊ ဖေဖေက သူတို့နှစ်ယောက်ကို နှစ်ဆယ့်လေးနာရီ စောင့်ကြည့်ဂျူတီထားလိုက်တော့ စောစောကပဲ ဖုန်းဆက်တယ်၊ ဂမုန်းအပင်လေးကနေ ပင်ပွားတက်ထွက်လာပြီတဲ့”

“ဩော. . .”

“ရှင် ဘယ်လိုစိတ်ကူးမျိုးနဲ့ ဒီလိုလုပ်လိုက်တာလဲ”

“ဈေးထဲက ချဉ်ပေါင်ရွက်ဝယ်လာပြီးရင် အရွက်ခြွေပြီးတာနဲ့ အရိုးကို ဒီအတိုင်းထိုးစိုက်ထားတာပဲလေ”

“ဟာ. . . ရှင် စကားအကောင်းပြောစမ်းပါ. . .”

“အပင်တိုင်း ကိုင်းထိုးစိုက်လို့မရဘူး ချိုလေးမေ၊ စိုက်လို့ရတဲ့အပင်တွေရဲ့ မျိုးစိတ်ဖွဲ့စည်းပုံက အာနိသင်မတူပေမယ့် ရှင်သန်တဲ့အရိုးအကြောဖွဲ့စည်းပုံတွေ တူကြတယ်၊ ဥပမာ ဆေးဖြစ်စေတဲ့အပင်တွေရဲ့ အရွက်ထွက်ပုံကိုကြည့်၊ အကိုင်းကနေ ထွက်ထွက်၊ ပင်စည်ကနေ ထွက်ထွက်၊ ဖနောင့်ချင်းဆိုင်ပြီး စုံထွက်ကြတယ်၊ လွဲနေရင် ဆေးပင်မဟုတ်ဘူး၊ ဟုတ်လည်း အာနိသင်မပြည့်စုံဘူး၊ အမြစ်ဆင်းပုံမတူကြဘူး၊ ဆေးပင်တွေက ရေသောက်မြစ်ခွပြီး ဆင်းကြတယ်၊ ရိုးရိုးအပင်က တစ်မြစ်တည်း ဖြောင့်ဆင်းတယ်”

“ကြည့်စမ်း. . . ကျွန်မ အလုပ်သာလုပ်နေတာ၊ အဲ့ဒါကို သတိမထားမိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ဥပမာတစ်ခုက မင်းလို ထက်မြက်တဲ့မိန်းမက တစ်ခြားမိန်းမတွေနဲ့ မတူဘူးကွ"

"အဝိုတွေ"

"ထက်မြက်တဲ့မိန်းမတွေက စိတ်ဆတ်တယ်၊ လက်သွက်တယ်၊ လျှာနည်းနည်းရှည်တယ်"

ချိုလေးမေ ရှက်ပြီး သူ့လက်မောင်းကို လှမ်းရိုက်ကာ ရယ်တော့သည်။

ဒါကို ခြံထဲကလှမ်းမြင်နေရသော ဦးဒီပါတွေ့ကာ ပင့်သက်ချလေသည်။

ခြံထဲကမြင်ခင်းပြင်မှာပင် ခုံတွေချကာ ထိုင်နေကြပြီး ဦးဒီပါတို့ဇနီးမောင်နှံလည်း ထိုနေရာတွင်ရှိနေကာ သူတို့ရောက်ရှိသွားကြသည်။

"ထိုင်ပါ မောင်ရဲဝင်း. . ."

"ဟုတ်ကဲ့. . . မတွေ့တာအတော်ကြာသွားတာ၊ ဝမ်းသာပါတယ် အန်ကယ်"

"ဟေ. . ."

"တွေ့ရင် စက်ဘီးပဲခွစီးခိုင်းနေလို့ပါ"

ဦးဒီပါ တင်းခနဲဖြစ်ပြီးမှ ဟင်းခနဲချကာ ရယ်လေသည်။

သူမတို့သားအမိပါ ပြုံးကြသည်။





"အေးပါကွာ. . . ကျောက်ကောင်းမှန်ရင် ဈေးဆစ်နေစရာမလိုတော့ပါဘူး၊ မင်းရဲ့စမ်းသပ်ချက် အောင်မြင်မှုက အန်ကယ်တို့ တကယ်အသက်ရှုနိုင်ပြီကွ၊ အပေးပေး စိတ်စောပြီး အပြစ်မြင်တာတော့တောင်းပန်ပါတယ်ကွာနော. . ."

"အား. . . ရပါတယ်၊ ကျွန်တော့်လစာထဲက ရက်ပျက်ကြေးမဖြတ်ရင် ပြီးတာပါပဲ"

"တယ်. . . ဒီကောင်လေး အခု မင်းစမ်းသပ်အောင်မြင်တာဒေါ်လာသုံးထောင်ဘိုးဟ. . . ကောင်လေးရ. . ."

"ဝမ်းသာပါတယ် အန်ကယ်၊ အခုခေါ်ရတဲ့ကိစ္စလေး သိပါရစေ"

"အေး. . . အေး. . . ဟုတ်ပြီ၊ ဒီအတိုင်းဆို အန်ကယ်တို့ အပင်ပွားဖို့ကိစ္စ၊ ဘယ်လိုဆက်ပြီး ဆောင်ရွက်သင့်သလဲ"

"ဟုတ်ကဲ့ မူလအပင်ကို မိခင်အပင်ရင်းအဖြစ်ထားပြီး အခုလိုကိုင်းထိုးစိုက်သွားရမှာပဲ အန်ကယ်"

"အိုကေ. . . ကျေးဇူးပဲ၊ ဒါဆို အဲ့ဒီကိစ္စ တို့ဘာသာပဲ ဆက်လုပ်လိုက်တော့မယ်၊ မင်းကိုတော့ ဒီလ လစာ အပြည့်ပေးလိုက်ရင် ပြီးပြီပေါ့. . . ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့. . . အဆင်ပြေပါတယ်ခင်ဗျ၊ စက်ဘီးခွနေရတာထက်စာရင် ငါးပိအိုးလေးခွနှိုက်နေရတာက သက်သာပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်အလုပ်မဆို ဆရာစားလို့ခေါ်တဲ့ လျှို့ဝှက်နည်းပညာ ရှိတတ်ပါတယ်။ အနည်းဆုံး လက်ဆိပ်ရှိတဲ့လူစိုက်ရင် အပင်ဖြစ်တယ်လို့တောင် ဆိုကြပါတယ်။ ရှင်ရင်တော့ တစ်ပင်ကို ဒေါ်လာသုံးထောင်ပေါ့ခင်ဗျာ၊ သေသွားရင်လည်း သုံးထောင်ပါပဲ"

ဦးဒီပါ လည်ချောင်းထဲ အစာနင်သလိုမျိုး မျက်နှာကြီးပွထွက်လာပြီး ရေတကောင်းထဲက ရေတစ်ခွက် အမြန်ငှဲ့ကာ သောက်ချသည်။

"ရှုပြီ. . . ရှုပြီ. . . မင်းပြန်တော့၊ မနက်ဖြန်ကစပြီး ရုံးပြန်တက်ကွာ"

"မနက်ဖြန်တော့မဖြစ်သေးဘူး အန်ကယ်၊ အမေ ကရားစခန်းက ပြန်ထွက်ဖို့ ရည်နည်းနည်းလိုသေးလို့ပါ"

"ဟာကွာ. . . အေး. . . အေး. . . ပြီးရော. . ."

"နောက်တစ်ခု အကြံပေးချင်တာက ရုံးကစက်ဘီးကို ရောင်းလိုက်ပါတော့ခင်ဗျာ"

"ဟေ. . . ဘာလို့လဲ"

"ကျွန်တော် ရုံးမတက်ဖြစ်မှာစိုးလို့ပါ"

ရဲဝင်း အရိုအသေပြုပြီး ထွက်သွားမှ ဦးဒီပါ အံကြိတ်သံကြီးနှင့် . . .





"နင့်အကောင် တကယ်မလွယ်တဲ့အကောင်"

"ဟာ. . . ဖေဖေကလည်း ဘယ်က နင့်အကောင်လဲ"

"အေး. . . အဲ့ဒီအကောင်မလွယ်ဘူး"

"ဘာပဲဖြစ်ဖြစ် လူတော်တစ်ယောက်မဟုတ်ဘူးလား ဖေဖေ၊ သမီးတို့ ဒီအတွက် ထွေးမရအန်မရဖြစ်နေတာလေ"

"ဟုတ်ပါတယ်. . . သောက်ကျိုးနဲ့. . . တော်ပါတယ်. . . ထွီ"

သူမတို့သားအဖ ကြိတ်၍ ပြုံးကြလေ၏။

●

ဒီနေ့တော့ အမေလည်း တရားစခန်းက ပြန်ရောက်လာသဖြင့် သူလည်း ညနေစောင်း စိတ်ပေါ့လူပေါ့လေးဖြစ်ကာ လမ်းထိပ်အုတ်ခုံထွက်ထိုင်ဖြစ်ပါသည်။ သူရောက်သွားချိန်အထိ ဘယ်သူမှ ရောက်မလာသေး၍ တစ်ယောက်တည်း ငေးငေးတွေးတွေး ထိုင်နေပစ်လိုက်သည်။ မနက်ဖြန်ရုံးတက်ရတော့မည်။ သူ့စိတ်ထဲ ပျော်သလိုလိုဖြစ်လာ၍ ထိုအတွေးကို ဖျောက်ဖျက်ပစ်လိုက်သည်။ မရပါ။ မတွေးမိလည်း အပျော်စိတ်ကလေးနှင့် နေသာထိုင်သာရှိနေသည်။

ဒီလို ပျော်ရွှင်တာမျိုး ဘယ်တုန်းကမှ မခံစားဖူး၍ ရင်ဟုန်သလို



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်နေတာတော့ ဆိုးပါသည်။ ကောင်းပြီ. . . ဒီတစ်ခါ ရုံးတက်ရမှာ ဘယ်သူ့ဆန္ဒလဲ။ ဘယ်သူ့စိတ်နဲ့လဲ။ ဘာသာပြန်မေးရင်း သွေးလေချောက်ချားလာသလားမဆိုနိုင်။ မြောင်းအစပ်ကပ်လျက် ခြံထဲက အုန်းလက်ကြွေကျတာကို လန့်သွားသည်။

"ရဲဝင်း. . ."

"ဟေ. . ."

ထွန်းစိုးရောက်လာကာ သူ့ဘေးနားဝင်ထိုင်ရင်း . . .

"မင်း အတော်နေနိုင်တဲ့ကောင်ကွာ၊ ဟိုနှစ်ဂေဟာင်လည်း သကြန်မတိုင်မီရက်ကတည်းက ပဋ္ဌင်းတက်သွားတာ ပြန်မထွက်တော့ဘူး၊ လှဆောင်လည်း စက်ာပူထွက်သွားပြီ. . ."

"ဟေ. . ."

"ငါတို့အဖွဲ့တွေ ကွဲကုန်ပြီကွ၊ အဲဒါ မင်းကြောင့်. . ."

"ဟမ်. . . ဘာမှမဆိုင်ဘူး. . ."

"ဆိုင်တယ်သူငယ်ချင်း. . . မင်းပြောလို့ ငါတို့ ကိုယ် ဘာလိုချင်တာလဲ၊ ဘာလုပ်ချင်တာလဲ၊ အခုရော ဘာလုပ်နေလဲ. . . ဆိုတဲ့အတွေးတွေ ရတုန်တယ်၊ မေးခွန်းအသစ်တွေနဲ့ ခေါင်းစဉ်အသစ်တွေ ထွက်လာတယ်၊ သိန်းဦးနဲ့ကျော်နောင်ကတော့ သာသနာ့ဘောင်ထဲမှာ သူတို့လိုချင်တာရပြီလို့ ဆိုတယ်ကွ၊ လှဆောင်ကတော့ တစ်ခုခုလုပ်နေတာ





အဓိပ္ပါယ်ရှိတယ်ဆိုပြီး စက်ာပူမှာ အလုပ်သွားလုပ်တယ်၊ ငါလည်း လုပ်တော့မယ်"

"ဟုတ်လား. . . မင်းဘာလုပ်မလဲ"

"ငါက ကောင်းကောင်းစားနေရတာကြိုက်တော့ ထမင်းဆိုင်ဖွင့်မယ်ကွာ၊ ငါ့အဒေါ်အပျိုကြီးက ဝိုင်းချက်ပေးမယ်ဆိုလို့ ကားလေးဂိတ်မှာ ဆိုင်ဖွင့်ဖို့ စီစဉ်ထားတယ်"

"ကောင်းတယ်. . . ထွန်းစိုး. . ."

"မင်းရော ခုချိန်ထိ နဂိုအတိုင်းပဲလား"

"မဟုတ်တော့ဘူး၊ ဗေလုဝအသံနဲ့ပြောရရင် မဟုတ်သေးဘူး၊ ပြောင်းသွားပြီ"

"အယ်. . ."

"ငါ ချိုလေးမေကို ချစ်နေပြီ"

"ဟင်. . ."

"သိန်းဦးတို့ကြားရင် လူထွက်ပြီး လာဆဲမလားမသိဘူးကွာ၊ ငါလောလောဆယ် ခံစားနေရတာတော့ အဲ့ဒီအတိုင်းပဲ၊ သူ့ကိုမြင်ရင် သဘောကျလာတယ်၊ ပျော်လာတယ်၊ ငါ ပြောမိတော့မယ်ထင်တယ်"

"အေးကွာ. . . အဆင်ပြေပါစေ. . . တဲ. . . ငါ သွားမယ်"

"ဟာ. . . မထိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ချင်တယ် သူငယ်ချင်း၊ လောလောဆယ် ဆိုင်အတွက် မနက်လာလုပ်ဖို့ လက်သမားဦးလေးဆီ သွားရဦးမယ်ကွ၊ သူ လမ်းထဲကဆိုင်ရောက်သွားရင် စကားပြောလို့ မကောင်းတော့လို့"

"ဪ. . . အေး. . . အေး. . . သွား. . ."

ထွန်းစိုးထွက်သွားတော့မှ ဒီအုတ်ခုံလေး၏ အထီးကျန်မှုကို သတိထားမိသွားသည်။ လမ်းမတန်းဆိုင်မှာ ပြဿနာဖြစ်ပြီးကတည်းက သူတို့အုပ်စုလေး ဒီအုတ်ခုံမှာ အဖွဲ့ကျသွားသည်။ ညနေတိုင်း တွေ့ကြ၊ ဆုံကြငြင်းကြခုံကြနှင့် ဟုတ်ဟုတ် မဟုတ်ဟုတ် အသက်ဝင်ကာ အဓိပ္ပါယ်တစ်ခုတော့ရှိနေသည်။ တွေးကြည့်တော့လည်း ပျော်စရာကောင်းပါသည်။ အဲ့ဒီကာလတွေတုန်းက သူ့စိတ်ထဲ ဘာကြောင့် ပျော်စရာဟုမခံစားမိပါလိမ့်။ လက်ခုပ်လက်ဝါးသီအိုရီလို့ပဲ ပြောရမလား။ နှစ်ဘက်ရှိမှ ဖြောင်းခနဲမြည်အောင် တီးနိုင်သည်။ ယခုလည်း ရှိတုန်းက ဘာမှမသိမထူး၊ မရှိတော့မှ ရှိတုန်းကပြည့်စုံမှုနှင့် ဘက်ရှိလာကာ ခံစားမှုအသံမြည်လာပုံရသည်။

ဖြောင်းခနဲတော့မမြည် လွမ်းသည်ဟု သိလေ၏။

●





ရုံးပြန်တက်သည့် ပထမအပတ်မှာပင် သူ့အတွက် တိကျသေချာသော ရာထူးတစ်ခုထွက်ပေါ်လာပါသည်။ စားပွဲထိုင်ခုံနှင့် ကွန်ပျူတာတစ်စုံလည်း ရုံးခန်းထဲရှိ သူ့နေရာမှာ အပိုင်စားရသွားသည်။ သုတေသနဌာနမှူးဟု ကဗ္ဗည်းထိုးထားသော သုံးမြှောင်ဖန်တုံးလေးပါ စားပွဲရှေ့အစွန်း အလည်တည့်တည့်မှာ နေရာယူထား၍ အခန်းသို့ ချိုလေးမေ ရောက်လာတိုင်း ထိုစာတန်းလေးကို ပြုံး၍ကြည့်လေသည်။ ကြည့်တိုင်းလည်း သူ့စိတ်ထဲ မလုံသလိုခံစားရသဖြင့် ဒီမနက် သူမရောက်လာကာ ပြုံးပြန်သဖြင့် . . .

"မင်းကြိုက်ရင် ယူသွားလေ. . . ကျွန်တော်က ဒီစာတန်းမရှိလည်း ဒီရာထူးနဲ့ ဒီလူချောလေးကို တွဲမိနေတာပဲ"

"ဘုရားရေ. . . သူ့ကိုယ်သူများ. . ."

"အိုခေ. . . မင်းစိတ်ထဲမှာပဲ ခန့်မှန်းကြည့်လိုက်၊ ကျွန်တော်လူချော ဟုတ် မဟုတ်"

"မဟုတ်ပါဘူးနော်. . . လုံးဝမချောဘူး"

"ဒါပေမယ့် ချစ်ဖို့တော့ကောင်းတယ်မဟုတ်လား"

"ဘာ. . ."

သူမမျက်နှာ ရဲခနဲဖြစ်ပြီး ချာခနဲလှည့်ကာ မျက်နှာလွှဲပစ်သည်။ သူ ကြည့်ရင်းနှင့် ထူပူလာတာလား အသည်းယားလာတာလား



www.burmeseclassic.com

www.burmeseclassic.com



မဝေခွဲနိုင်ခင်မှာပဲ လွှတ်ခနဲ ထွက်သွားသည်။

"ကျွန်တော်ကတော့ မင်းကိုချစ်တယ်"

ပြောပြီးမှ အသည်းအေးသွားကာ အအေးခန်းစိုက်ခင်းဆီ ထပြေးလာခဲ့သည်။ ရေခဲငွေ့တွေနှင့် ဝါးဝါးကြီးဖြစ်နေသော မှန်ချပ်တွေနောက်မှ သူမမျက်နှာကို ခိုးကြည့်သည်။ သူမလှမ်းကြည့်သော မျက်လုံးကြီးတစ်လုံးတစ်လုံး မင်းဂွတ်သီးလုံးလောက်ကြီးတွေဖြစ်နေ၍ လန့်ကာ ငုံ့ထားလိုက်ရသည်။

ထိုအခိုက်မှာပင် သူ့ကျောပြင်ကို အုံးခနဲ အထုခံရတော့၏။

"အလကား သတ္တိမရှိတဲ့ယောက်ျား"

လှည့်ကြည့်လိုက်တော့ ချိုလေးမေ. . .။ သူ နေလို့မရတော့သဖြင့် မျက်စိစုံမှိတ်ကာ ဆွဲဖက်ထားတော့သည်။

"ဟာ. . . လွှတ်. . ."

"မလွှတ်ဘူးကွ. . . သတ္တိရှိတယ်. . ."

"လွှတ်ဆို. . ."

"မလွှတ်တော့ဘူး ချိုလေးမေ၊ တစ်ခါတည်း အပြီးပြောထားလိုက်မယ်၊ ငါချစ်တာ မင်းပဲ၊ မင်းဘာသာ ဘယ်သူ့သမီးဖြစ်ဖြစ် မင်းမို့လို့ပဲ ချစ်တာ"

သူမ ရုန်းမသွား၊ ငြိမ်မသွားဘဲ သူမလက်သီးဆုပ် ကလေးနှင့်





သူ့ရင်ဘတ်ကို ဖွဖွထုကာ ရှုက်နေလေ၏။ သူသည် ငါးပိသည်၏သားဖြစ်မှန်း သူမသိ၏။ လောလောဆယ် အသည်းနှလုံးတွေ နိုင်မနိုင် စမ်းသပ်ထုနှက်နေပုံရပြီး ဆိတ်ဆိတ်နေလေ၏။

နီကိုရဲ

www.burmeseclassic.com